# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၂ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၁)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

## ဒေသခံပြည်သူများအနေဖြင့် နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးအတွက် နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဂုဏ်ပြုကြိုဆို အားပေးလျက်ရှိ



မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင် လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုအစီအစဉ်များ ပြုလုပ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တက်ရောက်**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်းတိုင်းရင်းသူများနှင့် ဒေသခံပြည်သူများ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)



22-8 (01).pmd 1 8/22/2010, 2:42 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၂ ရက်)

# စက်မှုနိုင်ငံတော်ကြီးပေါ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ရာ နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ စက်မှုကဏ္ဍအနေဖြင့် နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသော ခေတ်မီကုန်ထုတ် နည်းစနစ်များနှင့်အညီ ကုန်ထုတ်ပစ္စည်းကိရိယာများကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်လျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်မည့် အထူးစီမံကိန်းများအနက် ပထမစီမံကိန်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော Hydraulic Press များ တိုးချဲ့ထုတ်လုပ်ရေး စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းကို သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ပူးတွဲအကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ဒုတိယစီမံကိန်းမှာ 10-15 Ton Medium Truck (TE 31) ထုတ်လုပ်မှုစီမံကိန်းဖြစ်ပြီး ရန်ကုန်မြို့ရှိ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ဈေးကွက်လိုအပ်ချက်အရ တစ်နှစ်လျှင် မော်တော်ယာဉ်မျိုးစုံ စီးရေ ၃၀၀၀ခန့်အထိ ထုတ်လုပ်သွားမည်ဖြစ်သည်။ (၂၀-၃၀)တန် အကြီးစားကုန်တင်မော်တော်ယာဉ်များကို မကွေးမော်တော်ယာဉ်စက်ရုံမှလည်း ထုတ်လုပ်သွားမည်ဖြစ်သည်။

တတိယစီမံကိန်းမှာ အသေးစားလူစီးမော်တော်ယာဉ် ထုတ်လုပ်မှုစီမံကိန်းဖြစ်သည်။ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)မှ ပြည်တွင်းဈေးကွက်နှင့်ကိုက်ညီပြီး ပေါ့ပါး၍ အဆင့်မြင့် နည်းပညာများ အသုံးပြုထုတ်လုပ်မည်ဖြစ်သည်။ ဈေးနှုန်းသက်သာပြီး ခေတ်မီအသေးစား လေးယောက်စီး မော်တော်ယာဉ်များကို တစ်နှစ်လျှင်စီးရေ ၁၀၀၀ ထုတ်လုပ်သွားမည့် စီမံကိန်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနယ်မြေများ၊ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများကို အရှိန်အဟုန်မြင့် တည်ဆောက်ပေးခဲ့သည်။ နိုင်ငံပိုင်စက်မှုကဏ္ဍသာမက ပုဂ္ဂလိက စက်မှုကဏ္ဍကိုပါ အားပေးပံ့ပိုးပေးလျက်ရှိသည်။

ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိသဖြင့် ခေတ်မီစက်မှုနိုင်ငံတော်ကြီးသို့ အရောက်လှမ်းနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ပါဝင်ပြသနိုင်

ရန်ကုန် ဩဂုတ် ၂၁

(၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (The 7th CAEXPO) ကို အောက်တိုဘာ ၂၀ရက်မှ ၂၄ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ညီနောင်အသင်းများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များသည် စက်တင်ဘာ ၇ရက်အတွင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ကုန်သည်၊ စက်မှုအသင်းချုပ် ကုန်စည်ပြပွဲကော်မတီ ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅၊ ၂၁၄၃၄၆၊၂၁၄၃၄၇၊ ၂၁၄၃၄၈နှင့် ၂၁၄၃၄၉ တို့သို့ ဆက်သွယ်စုံစမ်း၍ သွားရောက်မည့် လူဦးရေစာရင်းကို ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၂၁

တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက်က ကေတုမတီမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း ဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ တပ်မတော်အရာရှိကြီးများ၊ တပ်နယ် တပ်ရင်း/ တပ်ဖွဲ့မှူးများ၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ပြိုင်ပွဲဝင်အားကစားသမားများ၏ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမနှင့် ဒုတိယရရှိကြသူများ၊ အတန်းလိုက် အကောင်းဆုံး လက်ဝှေ့အားကစားသမားဆုရရှိကြသူများ၊ အသင်းများ၏ အုပ်ချုပ်သူအရာရှိများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ဒိုင်အဖွဲ့အတွက် ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသော အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဇမ္ဗူ့ပညာ စာကြည့်တိုက်ဖွင့်ပွဲ သာကေတမြို့နယ်၌ ကျင်းပ



ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ဒေသကြီး သာကေတ မြို့နယ် ၆/အနောက်ရပ်ကွက်ရှိ ဇမ္ဗူ့ပညာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၈နာရီက ယင်းစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမင်းရိုးယဉ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်က မြို့နယ်လုံးကျွတ်စာကြည့်တိုက်များ ဖွင့်လှစ်ပြီး မြောက်စေရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက စာကြည့်တိုက်များ တည်ဆောက်ဖြစ်မြောက်ရေးအတွက် အလှူငွေ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမင်းရိုးယဉ်က စာပေဖတ်ရှုလေ့လာကြရေးနှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြားပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီနာယက ဦးရန်အောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(၁၁၆)



အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် သာယာအေး(၂)လမ်း အမှတ် (၁၃၄၅)နေ ဒေါ်နှင်းဆီမြင့်အား ရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် သူငယ်ချင်းများက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၃၃၀၀၀၀လှူဒါန်းရာ ကင်ဆာဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

### မြဝတီရုပ်မြင်သံကြား

၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အမရပူရတောင်မြို့၏ အဘိဓမ္မာညဝါ |
| ၇:၁၅ | ၄။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁:၂၀ | ၄။ | ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၃၂) |
| ၁၁:၃၅ | ၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်ရိပ်မြုံလေးမှာ** |
| ၁၂:၃၀ | ၆။ | ကျန်းမာသုတ |
| ၁၄:၀၀ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၃) |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၅ | ၄။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄:၃၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၄၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄:၅၅ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၆:၃၀ | ၁၀။ | ဘဝကြေးမုံ **တွယ်ငြိတတ်သော** ဝါဝါအောင်၊ ထက်အိကလျာ၊ အိမ့်ဖူးငယ်၊ ဝါဝါလွင် ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ) |
| ၆:၅၀ | ၁၁။ | ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ |
| ၇:၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၆၁) (ဇာတ်သိမ်း) |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | ကျန်းမာသုတ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၇၃) |
| | ၂၁။ | **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၂၁) |



### သစ်သားတံတားဆောက်လုပ်

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ဌာနာလမ်း သစ်သားတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

22-8 (02).pmd 1 8/22/2010, 2:42 AM

# တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး၌ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဩဂုတ် ၁၉ရက် မွန်းလွဲပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး၌ ကျင်းပသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းခန်းမဆောင်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လူနာများအား ချီးမြှင့်ငွေများပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

တိုင်းမှူးသည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပသော Life Style & Car Expo 2010 ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအကူအညီအဖွဲ့မှညှိသည် ဝန်ကြီး ဦးဌေးဦးအား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအကူအညီအဖွဲ့ Co- Ordinator of Sida Myanmar Assistance မှ Mr. Bengt Ekman သည် ဩဂုတ် ၁၉ရက် ညနေ ၄နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ**



# သင်တန်းဆင်းလက်မှတ်ပေးအပ်

မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကို ဩဂုတ် ၉ရက်က လူထုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းသူတစ်ဦးအား ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (၁၄၂)

# ကော့ကရိတ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ကော့ကရိတ် ဩဂုတ် ၂၁

ကော့ကရိတ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၅ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောအောင်ပွင့် **(အပေါ်ပုံ)** တက်ရောက်၍ အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောသောင်းရင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းကြည်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချခဲ့ရာ သင်တန်းသူ သင်တန်းသား ၂၅၀ တက်ရောက်ခဲ့ကြသည်။ ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌသည် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ လိုက်ပါလျက် ဩဂုတ် ၁၄ရက်က မြို့နယ်အတွင်းရှိ မဲရုံဖွင့်လှစ်မည့် နေရာများကို ကြည့်ရှုစစ်ဆေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေး

**ရေးမြို့နယ် မြသီတာဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၁၉ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ် ပြန်/ဆက်)



# ကွန်ပျူတာအသင်းဝင်များ အသင်းသားစုံညီတွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) တို့၏ နှစ်ပတ်လည်အထိမ်းအမှတ် ပထမအကြိမ် အသင်းသားစုံညီ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက်ခ်ရှိ အစည်းအဝေးခန်းမများ၌ ဩဂုတ် ၂၈ရက် မွန်းလွဲ ၁နာရီမှ ၅နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**တက်ရောက်နိုင်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) တို့မှ အလုပ်အမှုဆောင်များ၊ IT ကုမ္ပဏီအသီးသီးမှ မန်နေဂျင်းဒါရိုက်တာများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းကြီးများနှင့် IT ကုမ္ပဏီအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော IT ပညာရှင်များ၊ MCPA အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ IT ဆိုင်ရာ လုပ်ငန်းခွင်အသီးသီးသို့ ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသော IT ပညာရှင်များအဖြစ် အလုပ်ဝင်ရောက်လိုသူများနှင့် စိတ်ဝင်စားသူများအားလုံး တက်ရောက်နိုင်သည်။

မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအထိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) မှ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ညနေ ၃နာရီခွဲမှ ၅နာရီအထိ နှစ်သင်းပေါင်း အမှုဆောင်များနှင့် အသင်းဝင်များအားလုံး ပူးပေါင်းတွေ့ဆုံမည်ဖြစ်သည်။

**ဆွေးနွေး**

ပူးပေါင်းဆွေးနွေးမည့်အစီအစဉ်ကို Bridging the Gap between Industry and Professionals ဟူသော ဦးတည်ချက်ဖြင့် အစီအစဉ် ငါးရပ်ပါဝင်၍ ကျင်းပသွားမည်ဖြစ်ပြီး ICT Industry အတွင်းရှိ Hardware, Software, Sales & Service, Networking, Banking, Supermarkets, Media, Marketing စသည့် ကဏ္ဍအသီးသီးတွင် ဝင်ရောက်နိုင်သော IT အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း၊ လုပ်ငန်းရှင်များဘက်မှ ကျွမ်းကျင် IT ပညာရှင် ခန့်ထားနိုင်ရေး လိုအပ်ချက်များကို MCIA အသင်းဘက်မှ တာဝန်ရှိသူများ ဦးစွာရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး MCPA အလုပ်အမှုဆောင်များနှင့် လက်တွေ့လုပ်ငန်းတာဝန်ထမ်းဆောင်နေကြသော IT ပညာရှင်များက Professionals' Readiness for Industry ခေါင်းစဉ်ဖြင့် လုပ်ငန်းခွင်အသီးသီးအတွက် လိုအပ်လျက်ရှိသော ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသည့် IT ပညာရှင်များမွေးထုတ်နိုင်ရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးကြမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း ၄ မြန်မာအင်ဖိုတက်ခ် ဖုန်း-၀၁-၆၅၂၂၇၆နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း အခန်း ၂၀၃ ပင်မဆောင်(ပထမထပ်) ဖုန်း-၀၁-၆၅၂၂၃၈ တို့သို့ ဩဂုတ် ၂၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကျောက်စုဆောင်း

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့် အမှတ်(၃)ရပ်ကွက် သိမ်ဝလမ်း ကတ္တရာခင်းဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ဩဂုတ် ၅ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# လေယာဉ်အပိုင်စီးမည့် သတင်းကြောင့် ကန်ခရီးသည်တင်လေယာဉ် ခရီးစဉ်ကြန့်ကြာ

**ဆန်ဖရန်စစ္စကို ဩဂုတ် ၂၁**

လေယာဉ်ပေါ်တွင် လေယာဉ်အပိုင်စီးသူတစ်ဦးလိုက်ပါလာသည်ဟူသော အမည်မသိသူ တစ်ဦး၏အကြောင်းကြားချက်အရ အမေရိကန်လေကြောင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းမှာ ဩဂုတ် ၁၉ရက် နံနက်ပိုင်းက ဆန်ဖရန်စစ္စကိုလေဆိပ်မှ မတက်ရဘဲ ခရီးစဉ်နှောင့်နှေးခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

**ကြေညာ**

ဆန်ဖရန်စစ္စကိုလေဆိပ်မှ မတက်မီတွင် သတင်းရရှိကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာလုံခြုံမှုအုပ်ချုပ်ရေးအဖွဲ့ (တီအက်စ်အေ)က ကြေညာသည်။

**ညွှန်ကြား**

လေယာဉ်ကို လေဆိပ်သီးသန့်နေရာတစ်နေရာသို့ ရွှေ့သွားရန် လေယာဉ်မှူးအား သက်ဆိုင်ရာက ညွှန်ကြားသည်။

**အသင့်ရှိ**

ထိုနေ့ နံနက် ၇နာရီခွဲတွင် ခရီးသည် ၁၆၃ဦးနှင့် လေယာဉ်အမှုထမ်း ၁၁ဦး လိုက်ပါသည့် အမေရိကန်လေကြောင်းပိုင်လေယာဉ်ကြီးမှာ နယူးယောက်မြို့သို့ ထွက်ခွာရန် အသင့်ရှိနေခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



**မြေပြင်ပစ်ဒုံးကျည်**

**အီရန်နိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# ပါကစ္စတန်ရေဘေးကြုံနေရသူများ ကယ်တင်ရေး အရေးပေါ်ရဟတ်ယာဉ်အကူအညီများ လိုအပ်နေ

*ဂျီနီဗာ ဩဂုတ် ၂၁*

*ပါကစ္စတန်နိုင်ငံတွင် သန်းပေါင်းများစွာသော ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ယခုအခါ နိုင်ငံတကာက စားနပ်ရိက္ခာများနှင့်အတူ ရဟတ်ယာဉ် အကူအညီများ ပေးလျက်ရှိသည်။ ထို့ပြင် ရဟတ်ယာဉ်အကူအညီများလည်း ထပ်မံလိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ (အောက်ပုံ)*

*အဆိုးရွားဆုံး ရေကြီးမှုဖြစ်ပွားခဲ့ပြီးနောက် လမ်းများနှင့် တံတားများ ကျိုးပြတ်သွားသဖြင့် သွားလာရေးခက်ခဲနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။*

*လိုအပ်*

*လွန်ခဲ့သောသုံးပတ်ခန့်က ရေကြီးမှု သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့ပြီးနောက် သန်းပေါင်းများစွာသော ပြည်သူများမှာ အစားအစာ၊ အမိုးအကာနှင့် သောက်သုံးရေများ လိုအပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။*

*ရေနစ်မြုပ်*

*အဆိုပါရေကြီးမှုကြောင့် နိုင်ငံ၏ ငါးပုံတစ်ပုံခန့် ရေနစ်မြုပ်နေကြောင်း၊ လူပေါင်းသန်း ၂၀ရေဘေးကြုံနေရကြောင်း၊ သေဆုံးသူ ဦးရေ ၁၆၀၀ကျော် ရှိသွားပြီ ဖြစ်ကြောင်း သိရသည်။*

*ထောင်ပေါင်းများစွာသောကျေးရွာများ ရေအောက်၌ ရှိနေဆဲဖြစ်ကြောင်း၊ အင်ဒုစ်မြစ်တစ်လျှောက် ရေကြီးမှုမှာ ဆက်လက်ဆိုးရွားနေဆဲဖြစ်ကြောင်း သိရသည်။ (အင်တာနက်)*



# သုံးနှစ်အရွယ် သမီးဖြစ်သူအား ဖခင်ဖြစ်သူက ဝက်ဝံအကိုက်ခံရခြင်းမှ ကယ်တင်

မြူးနစ် ဩဂုတ် ၂၁

ဂျာမနီနိုင်ငံတွင် အသက်သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး တိရစ္ဆာန်ဥယျာဉ်ရှိ ဝက်ဝံများထားသည့်လှောင်ခြံအတွင်း ပြုတ်ကျခဲ့သဖြင့် ဖခင်ဖြစ်သူကကယ်တင်ခဲ့ရကြောင်း ဩဂုတ် ၂၀ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

**ကယ်တင်**

အဆိုပါကလေးငယ်မှာ ဂျာမနီနိုင်ငံအနောက်ပိုင်း လူနီဘန့်မြို့ရှိ ပုဂ္ဂလိကပိုင် တိရစ္ဆာန်ရုံမှ ခြံစည်းရိုးကို ကျော်တက်သဖြင့် ဝက်ဝံများထားရှိရာ လှောင်ခြံအတွင်းပြုတ်ကျခဲ့ကြောင်း၊ ဖခင်ဖြစ်သူမှာ အပြေးဆင်းပြီး သမီးဖြစ်သူအား ဝက်ဝံပါးစပ်မှ ဆွဲထုတ်ကယ်တင်ခဲ့ရကြောင်း၊ ယင်းတို့နှစ်ဦးစလုံး ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံတင်ပို့ခဲ့ရကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**ဒဏ်ရာပြင်းထန်**

ကလေးငယ်အားကယ်ခဲ့သူဖခင်မှာ အသက် ၃၄နှစ်ရှိ ဒတ်ချ်လူမျိုးဖြစ်ကြောင်း၊ ၎င်းသည် ဝက်ဝံတိုက်ခိုက်ခံရ၍ ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



**တရုတ်နိုင်ငံ ဟေနန်ပြည်နယ် ဟူလောင်းဂျေဟူကျေးရွာ၌ ရေဘေးကယ်ဆယ်ရေးပြုလုပ်နေမှုကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# အစ္စရေးနှင့် ပါလက်စတိုင်း တိုက်ရိုက်ဆွေးနွေးမည်

**ဘရပ်ဆဲလ် ဩဂုတ် ၂၁**

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် စက်တင်ဘာ ၂ရက်တွင် ဝါရှင်တန်၌ တိုက်ရိုက်ဆွေးနွေးပွဲ စတင်မည်ဟု မျှော်လင့်ရကြောင်း ဥရောပထိပ်တန်း သံတမန်တစ်ဦးက ပြောကြားသည်။

အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ရုရှားနိုင်ငံတို့သည် ဩဂုတ် ၂၀ရက်က ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်စရန် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် အထက်ပါအတိုင်း အမည်မဖော်လိုသည့် သံတမန်တစ်ဦးက ပြောကြားလိုက်ခြင်း ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် နယ်စပ်ကိစ္စ၊ ဂျေရုဆလင်ကိစ္စနှင့် ပါလက်စတိုင်း ဒုက္ခသည်များကိစ္စ ပါဝင်ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံ ဒန်ဒေါင်းမြို့၌ မြစ်ရေကြီး လူ ၅၁၀၀၀ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရ

**ဒန်ဒေါင်း(လျောင်နင်း) ဩဂုတ် ၂၁**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ဒန်ဒေါင်းမြို့၌ ဩဂုတ် ၂၁ရက် နံနက်ပိုင်းက ယာလုမြစ်ရေ ရုတ်တရက်ကြီးခဲ့သဖြင့် လူ ၅၁၀၀၀ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း မြို့တာဝန်ရှိသူများက ပြောကြားသည်။

**ပြတ်တောက်**

အဆိုပါ မြစ်ရေကြီးမှုကြောင့် နေအိမ် ၂၃၀ ပြိုကျခဲ့ပြီး ပို့ဆောင်ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ယင်းရေကြီးမှုကြောင့် သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ လူ ၈၀မှာလည်း ဒေါင်ဒီယာနီကျေးရွာ၌ သောင်တင်နေကြောင်း၊ ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ အလားတူ ဟေနန်ပြည်နယ်၌လည်း ရေဘေးဒုက္ခကြုံတွေ့လျက်ရှိရာ ဒေသခံပြည်သူများအား ကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

၎င်းရေကြီးမှု ဖြစ်ပေါ်ခဲ့သဖြင့် ရှန်ယန်းနှင့် ဒန်ဒေါင်းမြို့အကြား ပြေးဆွဲသည့် မီးရထားကိုလည်း နံနက်ပိုင်းမှစ၍ ရပ်ဆိုင်းထားရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

# ပါကစ္စတန်ရေကြီးရာ ဒေသများအတွက် အိန္ဒိယက ဒေါ်လာငါးသန်း လှူဒါန်း

*နယူးဒေလီ ဩဂုတ် ၂၁*

*ပါကစ္စတန်နိုင်ငံ၌ ကြုံတွေ့နေရသော ရေဘေးအတွက် အကူအညီများပေးရန် ကုလသမဂ္ဂက ဆော်ဩတိုက်တွန်းခဲ့ချိန်တွင် ပါကစ္စတန်နိုင်ငံက ပြိုင်ဘက်အိမ်နီးချင်း အိန္ဒိယနိုင်ငံထံမှ အမေရိကန်ဒေါ်လာငါးသန်း လက်ခံရရှိခဲ့ကြောင်း ပါကစ္စတန်မှ တာဝန်ရှိသူများက ပြောကြားသည်။*

*အရေးပေါ်လိုအပ်*

*ဆင်းပြည်နယ်သည် အဆိုးရွားဆုံး ရေကြီးမှုကြုံနေရပြီး လူပေါင်း နှစ်သန်းကျော် အကူအညီများ အရေးပေါ်လိုအပ်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*

*လှူဒါန်း*

*အဆိုပါ အလှူငွေကို ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဟာဒီဆင်းပူရီက ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂ၏ စာရင်းအရ ရေဘေးအကူအညီအဖြစ် အမေရိကန် ဒေါ်လာသန်း ၄၆၀ ဒသမ ၇သန်းအထိ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)*



နယူးဇီလန်နိုင်ငံ ကာရီကာရီကမ်းခြေ၌ ဝေလငါးများ သောင်တင်လျက် ရှိရာ ဝေလငါး အချို့ကို ရေထဲသို့ ပြန်လွှတ်ပေးနေ သည်ကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

## အယ်လ်ဂျီးရီးယားရေလွှမ်းမှု ကိုးဦးသေဆုံး

*အယ်လ်ဂျီးရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေလွှမ်း၊ မြေပြိုမှုများ ဖြစ်ပွားရာတွင် နှစ်ရက်အတွင်း အနည်းဆုံး ကိုးဦးသေဆုံးပြီး နေအိမ်အချို့ ပြိုလဲ ပျက်စီးခဲ့ကြောင်း မီဒီယာများက ဩဂုတ် ၁၉ရက်တွင် ဖော်ပြသည်။*

## ကျူးဘားကုန်စည်များ ရထားဖြင့် အားထားသယ်ပို့

*ကျူးဘားနိုင်ငံအတွင်း ကုန်စည်များသယ်ယူပို့ဆောင်ရာ၌ မီးရထားကို အားထား သယ်ပို့လျက်ရှိရာ အစိုးရက ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် ကုန်စည် ၅၀ရာခိုင်နှုန်း သယ်ယူပေးရန် စီစဉ်လျက်ရှိကြောင်း ကျူးဘားပို့ဆောင်ရေးဝန်ကြီး အာဂိုချာက ဩဂုတ် ၁၉ရက်တွင် ကြေညာသည်။*

## လုံခြုံရေးအသုံးစရိတ် မက္ကဆီကို တိုးမြှင့်မည်

*မက္ကဆီကိုနိုင်ငံအတွင်း ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများ တိုက်ဖျက်ချေမှုန်းရေး အတွက် လုံခြုံရေးအသုံးစရိတ်များတိုးပေးမည်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ဖိုလစ်ကာ ဒီရွန်က ပြောကြားလိုက်သည်။*

## အမေရိကန်၌ အလုပ်လက်မဲ့ဦးရေ ၅၀၀၀၀၀ခန့်ရှိ

*အမေရိကန်အလုပ်လက်မဲ့ဦးရေမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က လူဦးရေ ၅၀၀၀၀၀ခန့် အထိတိုးလာသဖြင့် ကိုးလအတွင်းတွင် အမြင့်ဆုံးစံချိန်တင်ရောက်ရှိ သွားကြောင်း အေပီသတင်း၌ ဩဂုတ် ၁၉ရက်က ဖော်ပြပါရှိသည်။* **(အောက်ပုံ)**




## ပါကစ္စတန်ရေဘေးအတွက် တရုတ်ကူညီ

*ပါကစ္စတန် ရေဘေးဒုက္ခသည်များအတွက် ရွက်ဖျင်တဲများ၊ စောင်များ၊ ဆေးဝါးနှင့် ရေပုလင်း၊ ရေသန့်စက်နှင့် စားနပ်ရိက္ခာများပါဝင်သော တရုတ်ပြည်မှ ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများ စတင်ရောက်ရှိလာပြီဟု ဆင်ဟွာသတင်းတွင် ဩဂုတ် ၂၁ရက်က ဖော်ပြပါရှိသည်။*

## ဆွန်ဟွာမြစ်အတွင်း ကူးတို့ရေယာဉ်တိမ်းမှောက်

*တရုတ်ပြည်အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဆွန်ဟွာမြစ်အတွင်း ဩဂုတ် ၂၀ရက်က ကူးတို့ရေယာဉ်တိမ်းမှောက်သွားကြောင်း၊ ပျောက်ဆုံးသူခရီးသည် အရေအတွက်ကို လောလောဆယ်မသိရသေးကြောင်း ဒေသအာဏာပိုင်များကပြောကြား သည်။*

## ရှေးဟောင်းပစ္စည်း ၅၀၀ကျော် တူရကီ၌တွေ့ရှိ

*လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ခန့်က ရှေးဟောင်း ပစ္စည်း ၅၀၀ကျော်ကို တူရကီ နိုင်ငံအနောက်ပိုင်း၌ တွေ့ရှိခဲ့ကြောင်း အစိုးရအရာရှိများက ဩဂုတ် ၂၀ရက်တွင် ကြေညာသည်။*

## ဆူဒန်၌ ရွှေတွင်းပြိုကျ၊ ၁၀ဦးသေဆုံး

*ဆူဒန်နိုင်ငံမြောက်ပိုင်းတွင် ရွှေတွင်းပြိုကျသဖြင့် ၁၀ဦးသေဆုံးသွားကြောင်း ဆူဒန်ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၁၉ရက်တွင် ကြေညာသည်။*

## ကိုလံဘီယာစစ်ဘက်ယာဉ် ပုံးခွဲခံရ

*ကိုလံဘီယာနိုင်ငံအနောက်တောင်ပိုင်းတွင် ဩဂုတ် ၁၉ရက်က စစ်ဘက် ယာဉ်တစ်စီးကို ဖတ်သူပုန်တို့က ဗုံးခွဲတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိသွားသည်။* **(အင်တာနက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဋ္ဌမအကြိမ်မြောက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီက မကွေးမြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားပြီး **(ဝဲပုံ)** မကွေးတိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ကျော်က ဆုချီးမြှင့်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ချီးမြှင့်ပေးအပ်**

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ၂၀၁၀ခုနှစ်တွင် အောင်ချက်အကောင်းဆုံးကျောင်းဆု၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်ဆု၊ သိပ္ပံဘာသာ တွဲထူးချွန်ဆု၊ဝိဇ္ဇာဘာသာတွဲ ထူးချွန်ဆုနှင့် ငါးဘာသာဂုဏ်ထူးရှင် ဆုများ ရရှိကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **(ခရိုင်၊ ပြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ

**နေပြည်တော် ဩဂုတ် ၂၁**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်သည် ဩဂုတ် ၁၈ရက် နံနက်ပိုင်းက မကွေးမြို့တော်ခန်းမ၌ကျင်းပသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်၍ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်း ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ချက် များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ခရိုင်နှင့် မြို့နယ်ကလေး သူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖ များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ပညာရေးမှူး၏ နှစ်ချင်းပိုင်တံခွန်စိုက် ဖလား အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၉ရက်က တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားကွင်း၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးထွေးကြည်က ဗိုလ်လုပွဲတွင် အနိုင်ရရှိသွားသော အဖျောက်နယ်မြေ ဘောလုံးအသင်း ကို တံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

# ယာဉ်/လမ်းစည်းကမ်း ဟောပြောပွဲ ဘားအံမြို့နယ်၌ကျင်းပ

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဘားအံမြို့နယ်အတွင်း ယာဉ်မတော်တဆမှု လျော့နည်းကျဆင်း ပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများကို တက္ကသိုလ်၊ အခြေခံပညာအထက်တန်းကျောင်းများတွင်သာမက ကျေးရွာ၊ ရပ်ကွက်များအထိ ပညာပေးဟောပြောလျက်ရှိရာ ဩဂုတ် ၄ရက်တွင် ဘားအံမြို့ အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ယာဉ်ထိန်းတာဝန်ခံ အရာရှိ ဒုတိယရဲမှူးစိန်ဝင်းနှင့် ဒုတိယရဲမှူး ရဲခိုင်တို့က ဆိုင်ကယ်တက္ကစီသမားများ၊ ထော်လာဂျီပိုင်ရှင်များ၊ လေးဘီးအငှားယာဉ်မောင်းများနှင့် ပြည်သူများအား ယာဉ်မတော်တဆဖြစ်ရခြင်းအကြောင်းရင်းများ၊ ယာဉ်မောင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ထော်လာဂျီနှင့် ပတ်သက်သည့် စည်းကမ်းချက်များ၊ လမ်းညွှန်အမှတ်အသားများ၊ အငှားယာဉ်မောင်းများ လုယက်မှုမခံရရေး မှုခင်းပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ပြည်နယ် ပြန်/ဆက်)**



# ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ညောင်ဦးမြို့နယ်၌ထောက်ပံ့ပေးအပ်

ညောင်ဦး ဩဂုတ် ၂၁

**မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့သော စာအုပ်နှင့်စာရေးကိရိယာများကို ညောင်ဦးခရိုင်တွင် ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့်ကျောင်းများသို့ ပြန်လည်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်က ညောင်ဦးမြို့နယ် အနော်ရထာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ညောင်ဦးမြို့နယ်အတွင်းရှိ အထက၊ အလကနှင့် အမကကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။**



**ပေးအပ်**

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းထွန်းက အမှာစကားပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်သည်။ (ဝဲပုံ)

**ထောက်ပံ့**

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၆ကျောင်းမှ ချို့တဲ့ကျောင်းသား ကျောင်းသူ ၇၄၈ဦးတို့အတွက် ထောက်ပံ့ပေးအပ်ခဲ့ပြီး ထောက်ပံ့ပစ္စည်းများမှာ ဗလာစာအုပ် ၃၃၆၁ဒါဇင်၊ ခဲတံ ၁၄၉၁ဒါဇင်နှင့် ဘောပင် အချောင်း ၃၉၀ ဖြစ်သည်။ (ဝ၇၉)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**



တောင်ငူ၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်များသို့ စိုက်ပျိုးရေးအတွက် ရေပေးလျက်ရှိသည့် ခပေါင်းရေလှောင်တမံ။

✻ *ကျောဖုံးမှ*

တောင်ငူခရိုင်အတွင်း နွေစပါး အားအထားရဆုံး ရေလှောင်တမံမှာ ခပေါင်းရေလှောင်တမံ ဖြစ်သည်။ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သည့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် တည်ရှိသော ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၂ခုနှစ် စက်တင်ဘာလက စတင်တည်ဆောက်ပြီး ၂၀၀၆ခုနှစ်တွင် ပြီးစီးခဲ့သည်။

## လေ့လာ

သတင်းခရီးသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးရေးသားရန် တောင်ငူမြို့ရှိ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးထံ သွားရောက်တွေ့ဆုံခဲ့ရာ ခပေါင်းဆည်အကြောင်း သတင်းဆောင်းပါးရေးသားရန် တိုက်တွန်းပြောကြားသဖြင့် ခပေါင်းဆည် တည်ဆောက်ရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင် (တည်ဆောက်ရေး-၅)နှင့်အတူ သွားရောက်လေ့လာခဲ့သည်။

## အောင်မြင်ဖြစ်ထွန်း

ခပေါင်းဆည်သို့ ဦးတင်အောင်၏ ကားလေးဖြင့် နံနက်စောစော ထွက်ခဲ့ကြသည်။ တောင်ငူ - အုတ်တွင်း ကားလမ်း၏ ဝဲယာတွင် စိမ်းမြနေသည့် လယ်ကွင်းများကို မျက်စိတစ်ဆုံး တွေ့ရသည်။ ဦးတင်အောင်က ခပေါင်းရေလှောင်တမံ၏ လက်ယာတူးမြောင်းရေဖြင့် နွေစပါးစိုက်ပျိုးခဲ့ရာ အထူးအောင်မြင် ထွက်ရှိခဲ့ကြောင်းရှင်းပြသည်။ ဆက်လက်၍ သတင်းခရီးသည်တို့သည် တောင်ငူမြို့မှ ကိုးမိုင်အကွာရှိ အုတ်တွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်ထံ သွားရောက်၍ ခပေါင်းဆည်ရေမှ နွေစပါး စိုက်ပျိုးမှုအခြေအနေများကို မေးမြန်းခဲ့သည်။ ခပေါင်းဆည် မဆောက်မီက အုတ်တွင်းမြို့နယ်တွင် နွေစပါး ၆၈၀၅ဧက သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ခပေါင်းဆည် တည်ဆောက်ပြီးနောက် ၁၃၄၇၃ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းကြောင်း၊ ယခု ၂၀၀၉-၂၀၁၀နှစ်တွင် တစ်မြို့လုံး ၂၁၀၈၄ ဧက စိုက်ပျိုးဖြစ်ထွန်းခဲ့သဖြင့် ခပေါင်းဆည်ရေသည် တောင်သူလယ်သမားများအတွက် အကျိုးပြုနေသည့် ဆည်ကြီးဖြစ်ကြောင်း ဂုဏ်ယူစကားပြောကြားသည်။

## တည်ရှိ

ထို့နောက် ခပေါင်းဆည်သို့ ထွက်ခွာလာခဲ့သည်။ ပေါင်းတည်သွား ကားလမ်းပေါ်၊ ဘုတလက်ရွာမှ အတွင်းသို့ ၁၀မိုင်ခန့်အကွာတွင် ခပေါင်းဆည်တည်ရှိသည်။ ခပေါင်းဆည်သွား ကားလမ်းမှာ မြေနီလမ်း ဖြစ်သည်။

## ထုတ်လုပ်ပေး

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပဂိုင်းချောင်းဆုံအောက်ဘက်တွင် တည်ဆောက်ထားသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့်မှာ ပေ၂၀၀ ဖြစ်သည်။ တမံအလျားမှာ ပေ ၉၂၀ဖြစ်သည်။ ကုန်းကြောတမံ ပေ၈၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၈၇၈၅၇၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၈၃၀၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၁၄၆၅၇ ဧက ဖြစ်သည်။ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တည်ဆောက်ပြီး ရေလှောင်တမံကြီးကို ရေပိုလွှဲ၊ ရေလွှဲဥမင်၊ ရေအားလျှပ်စစ်များပါ ထုတ်လုပ်ပေးနေသည်။

အလျား ပေ ၁၂၀၀ ဖြစ်ပြီး ရေပိုလွှဲအသေးမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ အကျယ် ၁၀၆ပေ၊ အလျားပေ ၉၀၀ ဖြစ်သည်။ ရေအားလျှပ်စစ်ဥမင်မှာ အလျား ပေ၁၂၀၀ ဖြစ်ပြီး၊ ၁၅မဂ္ဂါဝပ် နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်သည်။ ခပေါင်းရေလွှဲဆည်ကို ရွှေလောင်းကျေးရွာအနီးတွင် တည်ဆောက်ထားသည်။ ရေလွှဲဆည် အမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အကျယ် ပေ၁၅၀၊ အမြင့် ၂၅ပေ ရှိပြီး လက်ယာရေထိန်း တာပေါင်အလျားမှာ ပေ၂၃၅၀ ဖြစ်ပြီး လက်ဝဲရေထိန်းတာပေါင် အလျားမှာ ပေ ၅၃၀၀ ဖြစ်သည်။ လက်ယာရေသောက်စနစ်မှ လက်တံမြောင်းအကြီးနှင့် အသေးမြောင်း ငါးမြောင်းပါဝင် ပြီး ၂၀၀၈-၂၀၀၉ခုနှစ်မှစ၍ နွေစပါးစိုက်ပျိုးရန် ရေများပေးဝေခဲ့သည်။

## ပိုမိုစိုက်ပျိုး

ခပေါင်းရေလွှဲဆည်မှ လယ်မြေများသို့ ရေပေးဝေနိုင်သဖြင့် တောင်ငူ၊ အုတ်တွင်း မြို့နယ်များတွင် နွေစပါး တစ်နှစ်ထက် တစ်နှစ် ပိုမို စိုက်ပျိုးလာနိုင်ခဲ့သည်။ ခပေါင်းဆည်မဆောက်မီက မိုးနှောင်းတွင် အောင်ရေမရသည့်အတွက် နွေရာသီတွင် ရေမရှိ၍ စပါးစိုက် မရခဲ့သော်လည်း ယခု ခပေါင်းဆည် တည်ဆောက်ပြီးနောက် ၂၀၀၈-၂၀၀၉ခုနှစ်မှစ၍ နွေစပါး အောင်မြင်စွာ စိုက်ပျိုးလာနိုင်ခဲ့သည်ဟု သိရသည်။

## အထူးအကျိုးပြု

အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာအနီးရှိ ခပေါင်းရေလွှဲဆည်မှ ဆည်ရေများကို သိုလှောင်ပြီး လက်ယာရေထိန်းတံခါး ငါးပေါက်ဖြင့် အလျား ၂၉မိုင်အရှည် တူးမြောင်းကြီးသို့ ရေများ ထုတ်လွှတ်ပေးသဖြင့် စိုက်ပျိုးရေ အလုံအလောက်ရရှိမှုကြောင့် ဒေသခံတောင်သူလယ်သမားများ အထူးဝမ်းသာ ပျော်ရွှင်နေကြသည်။ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ကျေးဇူးကြောင့် တောင်သူလယ်သမားများအတွက် နွေစပါးလယ်ဧက ၁၀၀၀၀၀ စိုက်ပျိုးနိုင်ခဲ့သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးလာကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိ၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုရရှိပြီး ရေဘေးကာကွယ်ရေးနှင့် ရေအားလျှပ်စစ်ပါထုတ်လုပ်နိုင်ခဲ့သဖြင့် ခပေါင်းဆည်သည် တောင်သူလယ်သမားများအတွက် အထူးအကျိုးပြုနေသော ဆည်ကြီးတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ကျေးဇူးကြောင့် တောင်သူလယ်သမားများအတွက် နွေစပါးလယ်ဧက ၁၀၀၀၀၀ စိုက်ပျိုးနိုင်ခဲ့၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးလာကာ အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိ၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုရရှိပြီး ရေဘေးကာကွယ်ရေးနှင့် ရေအားလျှပ်စစ်ပါ ထုတ်လုပ်နိုင်ခဲ့သဖြင့် ခပေါင်းဆည်သည် တောင်သူလယ်သမားများအတွက် အထူးအကျိုးပြုနေသော ဆည်ကြီးတစ်ခုဖြစ်။**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဉာဏ်အမြင်ရှင်းကြပါစေ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆:၅၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ နှစ် (၅၀၀)ပြည့်ကေတုမတီ
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၅)
- ၈:၄၀ 2010 Summer Youth Olympics
- ၉:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်များ**
- ၉:၃၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၀:၂၀ ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦးမေတ္တာရိပ်အောက်မှာ…
- ၁၀:၄၀ ရတနာရွှေမိုး ရွှာသွန်းဖြိုးစေသောဝ် ရွှေမိုးကောင်းစေတီတော်
- ၁၀:၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၄)
- ၁၁:၂၀ ဗီဒီယိုပြခန်း
- ၁၁:၄၀ အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေနို့မှုန့်မှာ
- ၁၂:၀၀ ဈေးဝယ်လမ်းညွှန် (YGN & No Name)
- ၁၂:၃၀ အနာဂတ်ပန်းတိုင်ဆီသို့
- ၁:၀၀ **ဉာဏ်အမြင်ရှင်းကြပါစေ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၁:၅၀ ရှုတိုင်းလှသည် ပထက်တောင် အတုလဝရံသီ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ကိုယ့်မိန်းမကို အမှန်အတိုင်းပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကို အမှန်အတိုင်းမပြောတာကောင်းတယ်)
- ၃:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၅)
- ၄:၂၀ ရတနာရွှေမိုး ရွှာသွန်းဖြိုးစေသောဝ် ရွှေမိုးကောင်းစေတီတော်
- ၄:၃၅ အရည်အသွေးတို့၏ အစပထမ
- ၄:၅၀ ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦးမေတ္တာရိပ်အောက်မှာ…
- ၅:၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၄)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ 2010 Summer Youth Olympics
- ၆:၅၀ ဗီဒီယိုပြခန်း
- ၇:၀၅ 7 Golden Girls Live Show (Part-1)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ကိုယ့်မိန်းမကို အမှန်အတိုင်းပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကို အမှန်အတိုင်းမပြောတာကောင်းတယ်)
- ၉:၂၅ Barclays Premier League (Fulham Vs Man U)
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၈၅)
- ၁၂:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်များ**
- ၁၂:၂၅ ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
- ၁၂:၄၀ လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်…
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၅၅ | Newcastel-Aston Villa | ESPN (Live) |
| ၉:၂၅ | Fulham - Man U | ESPN (Live) |

မြန်မာ့အလင်း

# အာကာသသိပ္ပံသုတ

# လပေါ်၌ သက်ရှိများနေထိုင်ရန် ခက်ခဲမည်

ကိုသစ္စာ - ရေးသားသည်

လမျက်နှာပြင်ပေါ်တွင် ရေတွေ့ရှိသော်လည်း သက်ရှိတို့ အသက်ရှင်ရပ်တည်နိုင်မှု ဖြစ်နိုင်ခြေနည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

## ပြောကြား

လ၏မျက်နှာပြင်မြောက်ဘက်ခြမ်း၌ အစိုင်အခဲများအကြား ရေတွေ့ရှိသည်ဟူသောအချက်ကို သုတေသနပညာရှင်များက အသိအမှတ် ပြုခဲ့သော်လည်း သက်ရှိသတ္တဝါ အသက်ရှင်ရပ်တည်နိုင်ရေးအတွက်မူ လိုအပ်ချက်များ ရှိနေဆဲဟု ပြောကြားသည်။

## နည်းပါး

လမျက်နှာပြင်ပေါ်တွင် အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့ အလွန်နည်းပါးစွာ ဖြစ်တည်နေသည့်အပြင် တွေ့ရှိရသောရေမှာလည်း သုတေသနပြုရန်အတွက် ဆန်းသစ်သောဓာတ်များ တွေ့ရှိရသည်ဟု ၎င်းတို့က ဆိုသည်။



## ဖြစ်ပေါ်ခဲ့

လ၏မျက်နှာပြင်တွင် လွန်ခဲ့သည့်နှစ်ပေါင်း ၄ဒသမ ၅ဘီလီယံခန့်က အလွန်အေးသော ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး လွန်ခဲ့သည့် နှစ်ဘီလီယံများစွာက ကမ္ဘာဂြိုဟ်အရွယ်အစားရှိသော ဂြိုဟ်တစ်လုံးနှင့် တိုက်မိခဲ့ခြင်းကြောင့် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့သည်ဟု နယူးမက္ကဆီကိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

လေ့လာသုတေသနပြုမှုများအရ လမျက်နှာပြင်ပေါ်တွင် အလွန်အေးခဲသော အခြေအနေများမဖြစ်ပေါ်မီ ကျောက်ရည်ပူများ သို့မဟုတ် ချော်ရည်ပူများကဲ့သို့သော အရည်များဖြင့် တည်ရှိနေသည့် အလွန်ကြီးသော ရေအိုင်ကြီးများ ဖြစ်ထွန်းခဲ့သည်ဟု ဆို၏။ **(အပေါ်ပုံ)**

## သုံးသပ်

၎င်းရေအိုင်ကြီးများသည် ထူးခြားသောဓာတ်များဖြင့် ပြွမ်းတီးနေကြောင်း၊ လမျက်နှာပြင်အောက်တွင် မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် ချော်ရည်များ အေးခဲနေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။ ထို့ကြောင့် လမျက်နှာပြင်ပေါ်တွင် ရေရှိသော်လည်း လူသားတို့ အသက်ရှင်နေထိုင်နိုင်ဖွယ် မရှိကြောင်း နယူးမက္ကဆီကိုတက္ကသိုလ်မှ ဇာချရီရှက် ဦးဆောင်သည့် သုတေသနပညာရှင်များက သုံးသပ်ထားသည်။ ။

(အင်တာနက်)

**တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အေးသာယာမြို့သစ်သို့ တိုးချဲ့ရေပေးနိုင်ရန်အတွက် နောင်အင်ရေထွက်မှ ခြောက်လက်မ ရေတင်ပိုက်လိုင်း သွယ်တန်းနေမှုကို ဩဂုတ် ၁၂ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ပုသိမ်ကြီးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ
## တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက် သစ်ပင်စိုက်ပျိုးပေး

နေပြည်တော် ဩဂုတ် ၂၁

**မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ်၁၈ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး တိုင်းမှူးက တရုတ်စံကားပင် စိုက်ပျိုးပေးသည်။**

### စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး **(ယာပုံ)** ရန်ကင်းတောင်ပေါ်မှ သစ်စေ့များကြဲပက်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဇထူးအားကစားကွင်း၌ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့တက်ရောက်၍ ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။





### ပေးအပ်ချီးမြှင့်

ထို့နောက် တာဝန်ရှိသူတို့က ပြိုင်ပွဲတွင် ဆုရရှိကြသောအသင်းများအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ တိုင်းမှူးသည် ပြိုင်ပွဲများတွင် ပထမဆုရရှိသောအသင်းများအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ပြီး ဆုရအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အမျိုးသမီးလက်ဝှေ့ တံခွန်စိုက်ပြိုင်ပွဲဝင် မြန်မာ့လက်ဝှေ့ အားကစားသမားများပြည်ပထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၁**

၂၀၁၀ခုနှစ် ဘားဘဒို့(စ်)နိုင်ငံ (BABARDOS)၌ ဩဂုတ် ၂၀ရက်မှ စက်တင်ဘာ ၅ရက်အထိ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်အစီအစဉ်ဖြင့် ပူးတွဲ လက်ဝှေ့ လေ့ကျင့်ခြင်းနှင့် စက်တင်ဘာ၆ရက်မှ ၁၉ရက်အထိ ၂၀၁၀ခုနှစ် ကမ္ဘာ့ အမျိုးသမီး လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ/နည်းပြ ဦးတင်မောင်ဖေ(နည်းပြချုပ်)၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ခေါင်းဆောင်သော မြန်မာ့လက်ဝှေ့ အားကစားသမားများဖြစ်ကြသည့် ကြူကြူသင်းနှင့် နှင်းမို့မို့နိုင်တို့သည် ဇူလိုင် ၁၉ရက် ည ၇နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

### ပို့ဆောင်နှုတ်ဆက်

အဆိုပါ လက်ဝှေ့ အားကစားအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နည်းပညာသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ မြဝတီမြို့နယ်၌ ကျင်းပ

**မြဝတီ ဩဂုတ် ၂၁**

မြဝတီခရိုင် မြဝတီမြို့နယ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သော နည်းပညာသင်တန်းနှင့် စွမ်းအားမြှင့်အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာန နေပြည်တော်မှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်နိုင်က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)** ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်ညွန့်က ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းမှုဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေး သည်။

### တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ သင်တန်းသို့ ရပ်ကွက်၊ကျေးရွာဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**(မြန်မာ့အလင်း)**




# ပဲခူးမြို့ ဥဿာမြို့သစ်၌ သစ်ပင်စိုက်ပျိုး

ပဲခူး ဩဂုတ် ၂၁

ပဲခူးမြို့ ဥဿာမြို့သစ် (၈)ရပ်ကွက် မင်္ဂလာတောရ မိုးကုတ်ဝိပဿနာဓမ္မာရုံ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၉ရက်က ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပဲခူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆွေမြင့်နှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး အရိပ်ရပင်၁၆၀၀၀ကို စိုက်ပျိုးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

# အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု တောင်ဥက္ကလာပမြို့နယ်၌ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေး ကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ နာတာရှည် ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီက တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေး ဦးစီးမှူးများဖြစ်သော ဒေါက်တာဒေါ်ယဉ်သန္တာလွင်နှင့် ဒေါက်တာဒေါ်စန္ဒာ၊ အမျိုးသား ခုခံကျ/ ကာလသားတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဦးမြင့်ရွှေ၊ တိုင်း ခုခံကျ/ကာလသား တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ မျိုးသန့်၊ တီဘီဆရာဝန်ကြီး ဒေါက်တာ ဒေါ်စန်းစန်းရှိန်၊ အနာကြီးရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာသန်းဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် အဖွဲ့ဝင်များ၊ တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးဟောပြော

ရှေးဦးစွာ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိ ဆရာဝန်ကြီးများက ကဏ္ဍအလိုက် ကျန်းမာရေးရာများ ဆွေးနွေးဟောပြောကြသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် အဆိုပါအဖွဲ့သည် ရပ်ကွက်များရှိ နာတာရှည်ဝေဒနာရှင် ၂၀တို့အား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးကြကာ ဆေးဝါးများနှင့် အာဟာရများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(အောက်ဝဲပုံ)** (၁၂၁)



# ဥတုရာသီ တောကိုမှီ၏



## ကြည့်ရှုစစ်ဆေး

**နမ္မတူမြို့နယ် မိုင်းဆင်ကျေးရွာအုပ်စုနှင့် ပါလေကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးထားသော ကျေးရွာသောက်သုံးရေကန်မှ ရေရယူသုံးစွဲမှုကို အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့ ဇူလိုင်၁၂ရက်က ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် ပြန်/ဆက်)

# နိုင်ငံတကာရှိ လေကြောင်းလိုင်းနှင့် ဟိုတယ်များတွင် Flight Attendant, Receptionist အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့်သင်တန်း ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၁**

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လိုသူများနှင့်နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်း အပတ်စဉ်အသစ်ကို ဩဂုတ်လ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

### သင်ကြားပေးမည်

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများ သင်ကြားပေးမည် ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course တို့ကိုလည်း Star Resources Hospitality Management Academy ၌ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

### စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒို့တာဝန်အရေး (၃)ပါး ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာ
# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့်ရရှိတော့မည်ဖြ



● ရှေ့ဖုံးမှ

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အလံကို လွှင့်တင်သည်။ ထို့နောက် တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးနှင့် ငွေစာရင်းရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်တို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့် တံဆိပ်ကို တပ်ဆင်ပေးကြသည်။ ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ယခုဖွင့်လှစ်သော နယ်ခြားစောင့်တပ်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးများက လက်ခံကြသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့၊ ဦးကျော်သန်းနှင့် ဦးထွန်းလှိုင်တို့က နယ်ခြားစောင့်တပ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့၊ ဦးကျော်သန်းတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နယ်ခြားစောင့်တပ်များမှ တပ်ဖွဲ့ဝင်များသည် ဒေသခံ ဒုံးယိမ်းအဖွဲ့များမှ ကရင်တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်း တိုင်းရင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စု၏ ထာဝရ အလှများ တေးသီချင်းကို သံပြိုင်သီဆို၍ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။



ထို့အတူ ယဉ်ကျေးမှုအကအဖွဲ့များဖြစ်ကြ
ထန်းတပင်၊ ကြက်တူရွေး၊ အထက်ပိုင်ကျုံ၊ ဒို
ကျေးရွာတို့မှ ဒုံးယိမ်းအဖွဲ့ ရှစ်ဖွဲ့တို့ကလည်း တို
ဖျော်ဖြေတင်ဆက်ကြသည်။

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)



## ဒေသခံပြည်သူများ

**အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။** (သတင်းစဉ်)

## သစ္စာအဓိဋ္ဌာန် ရွတ်ဆို

**အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သား တစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။** (သတင်းစဉ်)







**ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်းတိုင်းရင်းသူများ နှင့် ဒေသခံပြည်သူများ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။** (သတင်းစဉ်)

**အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြား
အခမ်းအနားသို့ တက်ရောက်လာကြသော
တွေ့ရစဉ်။**

# ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ရရှိတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များသည် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးက ရိုးရာဒုံးယိမ်းအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များအား ဆုငွေများပေးအပ်ခဲ့ပြီး တိုင်းရင်းသား တိုင်းရင်းသူများနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် အောခုအော (စည်းလုံးညီညာ)သီချင်းဖြင့် တပျော်တပါး စုပေါင်းကခုန်ဆင်နွှဲကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲကို စစ်ရေးပြကွင်းအနီးရှိ ယာယီစုပေါင်းမဏ္ဍပ်၌ကျင်းပခဲ့ပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ





**အမှာစကားပြောကြား**

မွန်ပြည်နယ်အေး ချမ်း သာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း နယ်ခြားစောင့် တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာ စားပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့အတူ ယဉ်ကျေးမှုအကအဖွဲ့များဖြစ်ကြသော ကွမ်ဘီ၊ နောင်ဘိုကြီး၊ ထန်းတပင်၊ ကြက်တူရွေး၊ အထက်ပိုင်ကျုံ၊ ဒိုင်းပြ၊ ဝင်းစိန်နှင့် တောဝန်းကျေးရွာတို့မှ ဒုံးယိမ်းအဖွဲ့ ရှစ်ဖွဲ့တို့ကလည်း တိုင်းရင်းသားရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။







**စက်ခလုတ်နှိပ်ဖွင့်လှစ်**

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အဖွဲ့၊ ဦးကျော်သန်း၊ ဦးထွန်းလှိုင်တို့က အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှုအက အဖွဲ့များဖြစ်ကြသော ဒေသခံကျေးရွာတို့မှ ဒုံးယိမ်းအဖွဲ့တို့က တိုင်းရင်းသားရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နယ်စပ်ဒေသများ ထာဝရ တည်ငြိမ်အေးချမ်းစေရေးအတွက် ဒို့တာဝန်အရေး(၃)ပါး ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တရားဝင်လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့်ရရှိကြတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဝမ်းမြောက်ဂုဏ်ပြု**

အလားတူ ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးအတွက်လည်းကောင်း မိမိဒေသမိမိနယ်မြေ၌ ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုအားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)



# ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ကြရမည့် သစ်တောကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ

မောင်စိမ်းလန်း (သစ်တော)

၂၀ရာစုနှောင်းပိုင်းမှစတင်၍ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်အား ယိုယွင်းစေခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်စေခဲ့သော အဓိကအကြောင်းရင်း နှစ်ရပ် ရှိပါသည်။ ပထမတစ်ခုမှာ ကမ္ဘာမြေ၏ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲမှု အလွန်အမင်း များပြားလာခြင်းဖြစ်သည်။ အထူးသဖြင့် ပြန်ပြည့်မြဲ သဘာဝသယံဇာတများ(Renewable natural resources)ဖြစ်သည့် သစ်တောများ၊ ရေထု၊ မြေထု၊ လေထု၊ ဇီဝမျိုးစုံမျိုးကွဲများအား စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်သော ပမာဏထက်ပိုမို၍ ထုတ်ယူသုံးစွဲနေခြင်း ဖြစ်သည်။ ဒုတိယတစ်ခုမှာ ဖွံ့ဖြိုးလာသော စက်မှုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းများနှင့် ကဏ္ဍအသီးသီးမှ ထုတ်လွှတ်သော မှန်လုံအိမ်ဓာတ်ငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုများ တိုးပွားလာခြင်းဖြစ်သည်။ အဓိကအားဖြင့် မှန်လုံအိမ်ဓာတ်ငွေ့များ လေထုထဲတွင်ရှိသင့်သည့် ပမာဏထက် အဆမတန် ပိုမိုများပြားလာသောကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာသည်။

ကမ္ဘာကြီးပိုမိုပူနွေးခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းတို့၏ အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ဖြေရှင်းရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောများကို ပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းစဉ်များသည် အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြု လက်ခံလာကြပါသည်။ အဘယ်ကြောင့်ဆိုသော် သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ စုပ်ယူသိုလှောင်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ဂေဟစနစ်မျှချေအားထိန်းညှိပေးခြင်း စသည့် လုပ်ငန်းများကို အဓိကဆောင်ရွက်ပေးသောကြောင့် ဖြစ်ပါသည်။

သစ်တောများသည် ကာဗွန်စုပ်ယူသိုလှောင်ထားသည့် လှောင်ကန်များ (Sinks)ဖြစ်သကဲ့သို့ ကာဗွန်များထုတ်လွှတ်ရာရင်းမြစ်များ (Sources)လည်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ထုတ်လွှတ်လျက်ရှိသည့် စုစုပေါင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အနက် ၂၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသော သစ်တောများပြုန်းတီးမှုနှင့် သစ်တောအတန်းအစား လျော့ကျခြင်းကြောင့် ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ဖြစ်ပါသည်။ ၁၉၉၀-၂၀၀၅ ခုနှစ်အတွင်း ကမ္ဘာ့သစ်တောများ၏ တစ်နှစ် ပျမ်းမျှ သစ်တောပြုန်းတီးမှုနှုန်းမှာ စတုရန်းကီလိုမီတာ ၈၃ ဒသမ ၄၈ သန်းရှိခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောပြုန်းတီးမှုနှုန်းမှာ စတုရန်း ကီလိုမီတာ ၉၀ ဒသမ ၆၂ သန်း ရှိခဲ့ပါသည်။ ထို့ကြောင့် ရာသီဥတု ပြောင်းလဲမှုကို ထိန်းချုပ်ရန်အတွက် ကမ္ဘာ့ရာသီဥတု ထိမ်းသိန်းရေး လုပ်ငန်းစဉ်များတွင် သစ်တောစိုက်ခင်းများ တည်ထောင်ရန်လိုအပ်သကဲ့သို့ သစ်တောများ ပြုန်းတီးမှုကို ကာကွယ်ရန်နှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှလည်း တားဆီးကာကွယ်ရန် မလွဲမသွေ လိုအပ်ပါသည်။

၁၉၉၇ခုနှစ်က ဂျပန်နိုင်ငံ ကျိုတိုမြို့၌ကျင်းပခဲ့သော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကွန်ဗင်းရှင်း(United Nations Framework Convention on Climate Change- UNFCCC)၏ (၃)ကြိမ်မြောက် အတွေ့အဆုံးညီလာခံ(Conference of the Parties- COP 3)က သစ်တောများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်(Afforestation and Reforestation Clean Development Mechanism- A/R CDM)အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ(Annex I Countries)နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ(non-Annex I Countries)တို့အကြား ကာဗွန်ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ရရှိလာမည့် ကာဗွန်ပမာဏ (Carbon Credits)အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများက ဝင်ငွေရရှိနိုင်စေရန်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများက ၄င်းတို့ ဖြည့်ဆည်းရမည့် ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းဆိုင်ရာ ကတိကဝတ်ကို ဖြည့်ဆည်းနိုင်စေရန်ဖြစ်ပါသည်။ သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၏ ပထမကတိကဝတ်ကာလ (First Commitment Period)ကို ၂၀၀၈မှ ၂၀၁၂ခုနှစ်အထိ သတ်မှတ်ထားပြီး ယင်းကာလအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကာဗွန်ထုတ်လုပ်မှုအား ၄င်းနိုင်ငံများ၏ ၁၉၉၀ ခုနှစ်တွင် ထုတ်လွှတ်ခဲ့သော ပမာဏအောက် ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ (၁၅)ကြိမ်မြောက် အတွေ့အဆုံးညီလာခံ(COP 15)၏ ကိုပင်ဟေဂင်သဘောတူညီချက်(Copenhagen Accord)အရ သစ်တောပြုန်းတီးခြင်း(Deforestation)နှင့် သစ်တောအတန်းအစားလျော့ကျခြင်း (Forest Degradation)မှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းအပြင် သစ်တောကာကွယ်ထိန်းသိမ်းခြင်း (Conservation)၊ သစ်တောများထာဝစဉ်တည်တံ့အောင် စီမံအုပ်ချုပ်ခြင်း (Sustainable Forest Management)နှင့် သစ်တောများ ပြန်လည်ထူထောင် ထိန်းသိမ်းခြင်း (Restoration)လုပ်ငန်းများသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏကို လျှော့ချရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် REDD+(REDD plus)လုပ်ငန်းစဉ်များအဖြစ် ၂၀၁၃ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ရန်ဆောင်ရွက်လျက်ရှိပါသည်။ REDD+ လုပ်ငန်းစဉ်များ၏ အခြေခံသဘောသဘာဝမှာ လျှော့ချနိုင်သော ကာဗွန်ထုတ်လုပ်မှုပမာဏအလိုက် ငွေကြေးတန်ဖိုးသတ်မှတ်၍ ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဘဏ္ဍာငွေကြေး ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းစဉ် သို့မဟုတ် ကာဗွန်ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်ပါသည်။

သစ်တောစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် (A/R CDM)နှင့် $REDD^{+}$ လုပ်ငန်းစဉ်များသည် ဒေသခံပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့်သာ ဆောင်ရွက်နိုင်မည့်လုပ်ငန်းများဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်နှစ်မျိုးလုံးသည် စီမံကိန်းဒေသရှိ ဒေသခံပြည်သူအစု အဖွဲ့များအား အခြေခံထားလျက် အကောင်အထည်ဖော်ကြရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ အဆိုပါလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာနိုင်ခြင်း၊ ဝင်ငွေတိုးပွားလာပြီး လူနေမှုစနစ် မြင့်မားလာနိုင်စေခြင်း၊ ဒေသတွင်း ရာသီဥတုကောင်းမွန်မျှတပြီး စိုက်ပျိုးရေးထွက်ကုန်များ အထွက်နှုန်းပိုမို ကောင်းမွန်လာစေနိုင်ခြင်း၊ သစ်တောများတည်ထောင်၍ ကာဗွန်ရောင်းချခြင်း သို့မဟုတ် သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေးတွင် တက်ကြွစွာပါဝင်ခြင်းဖြင့် အပိုဝင်ငွေရရှိကာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရုံသာမက နိုင်ငံ၏စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေပါသည်။

ယခင်က သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံခြားဝင်ငွေရရှိစေရန် အဖိုးတန်သစ်များအား ထုတ်ယူရောင်းချခြင်းဖြင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြပါသည်။ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်သော ပမာဏထက် ကျော်လွန်သောအခါ သစ်တောများ ပြုန်းတီးခြင်း၊ သစ်တောအတန်းအစား ကျဆင်းခြင်းအပြင် ဂေဟဗေဒစနစ်ပျက်စီးခြင်း၊ ရာသီဥတုဖောက်ပြန်၍ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများပါ ရင်ဆိုင်လာကြရပါသည်။

ယခုအခါ သစ်တောကဏ္ဍတွင် သစ်တောများ ကာကွယ်ထိန်းသိမ်း၍ ရရှိလာသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ(Environmental Services) ကို ရောင်းချခြင်းဖြင့် သစ်ထုတ်ခြင်းကဲ့သို့ နိုင်ငံခြားဝင်ငွေရရှိစေရန် အခွင့်အလမ်းများ ရှိနေပြီ ဖြစ်ပါသည်။ ဥပမာအားဖြင့် သစ်တောများ ကာကွယ်ထိန်းသိမ်း၍ စုဆောင်းရရှိလာသော ကာဗွန်များအား $REDD^{+}$ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး ရောင်းချခြင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ဂေဟစနစ်ထိန်းသိမ်းခြင်း၊ သဘာဝသစ်တောသယံဇာတ အမွေအနှစ်ထိန်းသိမ်းခြင်း လုပ်ငန်းများမှ ဝင်ငွေများ မြောက်မြားစွာ ရရှိနိုင်ပြီဖြစ်သည်။

သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တိုက်ရိုက်အကျိုးကျေးဇူးများဖြစ်သည့် အဖိုးတန် သစ်၊ ထင်း၊ ဝါးနှင့် သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများ ပိုမိုပေါကြွယ်ဝလာစေရုံမက ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာခြင်း၊ ရေကောင်းရေသန့်များ ပေါများစွာ ရရှိနိုင်ခြင်း၊ သဘာဝရေထွက်များကို ပေါများလာစေခြင်း၊ ရာသီဥတုမျှတကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် သစ်တောများတည်ရှိမှုကြောင့် မြေဆီမြေလွှာများ ထိန်းသိမ်းနိုင်ခြင်း၊ လေကောင်းလေသန့်ရရှိခြင်း၊ မြစ်၊ ချောင်းနှင့် ဆည်များ မတိမ်ကောစေရန် ရေဝေရေလဲဧရိယာများ ထိန်းသိမ်းပေးခြင်း၊ ရာသီဥတုကောင်းမွန်မျှတခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအထွက်နှုန်းတိုးခြင်း၊ ကျေးလက်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ပါသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေး လုပ်ငန်းများတွင် ဒေသခံပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းလမ်းညွှန်ချက်များ (Community Forestry Instructions- CFIs)ကို ၁၉၉၅ခုနှစ်တွင် ထုတ်ပြန်၍ ဆောင်ရွက်ခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်များနှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအား နိုင်ငံနှင့်အဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉ခုနှစ် နှစ်ကုန်ပိုင်းအထိ စာရင်းအရ သစ်တောအသုံးပြုသူအဖွဲ့ဝင်ပေါင်း ၃၉၂၉၈ရှိပြီး သစ်တောဧရိယာ ၁၀၂၄၀၂ဧကစိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါသည်။ ဒေသခံပြည်သူများသည် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ သာမက ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများပါ ရရှိခံစားကြရမည် ဖြစ်ပါသည်။

သစ်တောဦးစီးဌာနသည် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဖြစ်နိုင်သမျှသောနည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလျက်ရှိရာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ အိမ်ထောင်စုပေါင်း ၁၁၆၅၀၈၉ အတွက် တစ်အိမ်ထောင်လျှင် ကျွန်း သုံးပင်နှုန်းဖြင့် ၃၅၄၄၈၂၃ပင်၊ အိမ်ထောင်စုပေါင်း ၃၀၆၅၂၅အတွက် တစ်အိမ်ထောင်လျှင် သစ်မာ(ယူကလစ်)အပင် ၂၀နှုန်းဖြင့် ၆၂၁၇၅၉၀ပင်၊ ကျေးရွာပေါင်း ၃၈၃၂အတွက် ကျေးရွာတစ်ရွာ သစ်တောစိုက်ခင်း တစ်ဧကနှုန်းဖြင့် စိုက်ခင်း ၃၈၃၂ ဧက စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး နှစ်စဉ်စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်လည်း စီမံကိန်းများရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာန၏ နှစ်စဉ်သစ်တောစိုက်ခင်း တည်ထောင်မှုနှုန်းမှာ ဟက်တာ ၃၀၀၀၀ကျော် (၇၄၁၀၀ဧက) ကျော်ရှိပြီး ၂၀၀၉ ခုနှစ်အကုန်အထိ ၈၃၈၆၄၂ ဟက်တာ (၂၀၇၁၄၄၆ ဧက) တည်ထောင်ပြီး ဖြစ်ပါသည်။ သစ်တောဦးစီးဌာန၏ သစ်တောစိုက်ခင်း တည်ထောင်ရေးလုပ်ငန်းများသည် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေး သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ များစွာအထောက်အကူပြုလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘာဝသစ်တောများအား ထိန်းသိမ်းကာကွယ်ရေး၊ စီမံအုပ်ချုပ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းများတွင် ပြည်သူလူထုကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် အကျိုးအမြတ်များ အပြည့်အဝ ခံစားနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝသစ်တောသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများမှတစ်ဆင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက်အထိ ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ သဘာဝသစ်တောသယံဇာတများနှင့် သစ်တော ဂေဟစနစ်များ၊ ဇီဝမျိုးစုံ မျိုးကွဲများအား ထိခိုက်မှုမရှိစေဘဲ သစ်တောများ၏ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးများမှ နှစ်စဉ် ဝင်ငွေလုံလောက်စွာရရှိနေစေမည့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများအနေဖြင့် ဆတက်ထမ်းပိုး ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းရေးသားတင်ပြ လိုက်ရပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ **ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်မည့် ရှမ်းတောင်တန်းဆီက တံတားကြီးများ**
- ၈:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၃၀ ၁၀။ **အိမ်တွင်းပုန်းများမကြည့်ရ**
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၃၆)
- ၁၂:၃၀ ၅။ Golf Magazine(TV)
- ၁၂:၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ဖန်ခေါ်လီ** မင်းမော်ကွန်း၊ နေအောင်၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-အောင်ဗပါဝါ)
- ၁၄:၅၀ ၇။ International News

**ညပိုင်း**

- ၃:၄၅ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် **(မကွေး FC နှင့် Southern Myanmar FC)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ ကာတွန်းအစီအစဉ် Bugs' Adventures (အပိုင်း-၂၅)
- ၆:၃၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **စံပယ်မျက်ဝန်း** (ပထမပိုင်း) ဇင်မင်းခန့်၊ ရန်နိုင်၊ နေလ၊ မိုးဆက်၊ တေဇ၊ အာခိုင်စိုး၊ သီရိရှင်းသန့် [ဒါရိုက်တာ-မေတင် (MMG)]
- ၆:၅၀ ၇။ **နှစ်စဉ်နွဲပျော် ဝါဆိုခြင်းပွဲတော်**
- ၇:၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၈)
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ တို့အိမ်ကလေး နေရဲမာန် (တေးရေး- Ovation အဖွဲ့)
- ၁၃။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅၃)
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၄)



ဩဂုတ် ၁၅ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လျှပ်စစ်မီးသွယ်တန်းထားရှိမှုများ လုံခြုံမှုရှိ မရှိ အမှုဆောင် အရာရှိနှင့် မီးဘေးလုံခြုံရေးကော်မတီအဖွဲ့ဝင်များ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

# နေပြည်တော်-မော်လမြိုင် အဆင့်မြင့်တော်ဝင်ယာဉ်လိုင်းဖွင့်

နေပြည်တော် ဩဂုတ် ၂၁

**ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၏ နေပြည်တော်အခြေစိုက် တော်ဝင် ယာဉ်လိုင်းက ပြေးဆွဲပေးမည့် နေပြည်တော်-မော်လမြိုင် အဆင့်မြင့်တော်ဝင်ယာဉ်လိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၁၁နာရီခွဲတွင် မော်လမြိုင်မြို့ မြေနီကုန်းအဝေးပြေးကားဝင်းရှိ ကားဂိတ်အခန်း F-၄ရှေ့၌ ကျင်းပသည်။**

ရှေးဦးစွာ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)က ယာဉ်လိုင်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဦးသန်းဝင်း၊ နေပြည်တော်အခြေစိုက် တော်ဝင် ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ညွန့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြေးဆွဲမည့်အဆင့်မြင့် Air Con ယာဉ်ကြီးများကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။ ထို့နောက် ယာဉ်ပေါ်တက်ရောက်၍ ခရီးစဉ်တွင်လိုက်ပါမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

### ဆက်သွယ်ဝယ်ယူ

နေပြည်တော်အခြေစိုက် တော်ဝင်ယာဉ်လိုင်းက အဆိုပါနေပြည်တော်-မော်လမြိုင် ခရီးစဉ်ကို နေ့စဉ် နေပြည်တော်ဘောဂသီရိ အဝေးပြေးကားဝင်းမှတစ်စီးနှင့် မော်လမြိုင် မြေနီကုန်းအဝေးပြေးကားဝင်းမှ တစ်စီး ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် ကြိုတင်လက်မှတ်များကို နေပြည်တော် ဖုန်း-၀၆၇-၂၆၂၃၂၊ ၀၆၇-၄၂၀၅၀၊ မော်လမြိုင် ဖုန်း-၀၉-၈၇၀၁၈၈၃၊ ၀၉-၈၇၁၈၂၄၄တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ အားနည်းမည်

နေပြည်တော် ဩဂုတ် ၂၁

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**ဩဂုတ် ၂၂ ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားနည်းနေမည်။

**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။



## အထက(၁) ဒဂုံ မိုးရာသီဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအုပ်ဆရာကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီက အဆိုပါကျောင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး အားကစား တာဝန်ခံဆရာဦးစိုးလွင်က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ပထမဆု၊ ဒုတိယဆုရရှိကြသည့် အသင်းများနှင့် ထူးချွန်ဆုရရှိသည့် အားကစားသမားများအား ကျောင်းအုပ်ဆရာကြီး**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ပြိုင်ပွဲမှာ ပဋ္ဌမတန်းမှ နဝမတန်းအထိ အတန်းလိုက် လိမ္မော်၊ အဝါ၊ အစိမ်း၊ အနီ၊ အပြာဟူ၍ အသင်းပေါင်း ၂၈သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြန်မာ့အလင်း)**



## အီလက်ထရွန်နစ်အရောင်းခန်းမဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ထည်ဝါဝင်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Changhong Electronic အရောင်းခန်းမဖွင့်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား နှစ်ပတ်လည် ဂုဏ်ပြုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ရက်က ကျင်းပသည်။ Changhong Electronic အရောင်းခန်းမဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် အရောင်းခန်းမတည်ရှိရာ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း အမှတ် (၁၈၂/ ၁၉၄) ရှေ့မျက်နှာစာတွင် ကျင်းပရာ ထည်ဝါဝင်း Trading Co., Ltd. ဒါရိုက်တာ ဦးမြင့်အောင်၊ Zhongshan Changhong Electronic Co., Ltd. မှ Vice General Manager Mr. Guangsheng Teng နှင့် Asia & Pacific Division Manager Mr. Fang Jun တို့က အရောင်းခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ဂုဏ်ပြုဆုပေး

ထို့နောက် ညနေ ၆နာရီခွဲတွင် အရောင်းကိုယ်စားလှယ်ကြီးများအား နှစ်ပတ်လည် ဂုဏ်ပြုချီးမြှင့်ပွဲကို ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom ( Level-2) ၌ကျင်းပရာ ထည်ဝါဝင်း Trading Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးသူရအောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍အရောင်းကိုယ်စားလှယ်ကြီးများအား Asia & Pacific Division Manager Mr. Fang Jun က တစ်နှစ် ပတ်လုံး ရောင်းအားအကောင်းဆုံး အရောင်း ကိုယ်စားလှယ်ဆုကို ဦးမျိုးသိန်း (မျိုးသိန်း အီလက်ထရွန်နစ်)နှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုဆုများ ပေးအပ် သည်။ **(အပေါ်ပုံ)**

Changhong TV သည် တရုတ်နိုင်ငံ၏ ရောင်းအားအကောင်းဆုံး နံပါတ် (၁)နေရာကို ၁၅နှစ်တိုင်တိုင် အဆက်မပြတ် ရရှိထားသော တံဆိပ်ဖြစ်သည်။

ရုပ်သံကြည်လင်ပြတ်သား၍ ပါးလွှာပြီး မီးစားအလွန်သက်သာသည့် LED TV-19", 22" , 24" , 32" , 42", 46", 55" များ၊ LCD TV 22" , 24" , 32" , 42" နှင့် Plasma TV 42", 50" များကို တင်သွင်း ဖြန့်ဖြူးလျက်ရှိပြီး သာမန် CRT TVမှာ ဆိုလျှင် 21" နှင့် 29" များကို ဒီဇိုင်းစုံလင်စွာနှင့် တင်သွင်းရောင်းချနေသည်။

2010 တွင် ဈေးကွက်အတွင်းသို့ အရည်အသွေးမြင့် ၄၅ရာခိုင်နှုန်း မီးစားသက်သာသော Split Type DC Inverter နှင့် ပုံမှန် Split Type Series များတွင် 0.5 HP (5,000 BTU / HR), 1.0 HP (10,000 BTU / HR), 1.5 HP (13,000 00 BTU / HR), 2.0 HP (18,000 BTU / HR), နှင့် 3.0 HP (24,000 BTU / HR)အထိ ဖြန့်ဖြူးရောင်းချနေပြီဖြစ်သည်။ အအေးနှုန်းမြင့်မား၍ ကျန်းမာရေးနှင့်ညီညွတ်သော Wall Mounted Split Type, Window, Portable, Corner Ceiling, Ceiling Cassette, Duct Type, Floor Standing, Water Cool Package စသည့် Air- con အမျိုးမျိုးကို 0.5 Horse Power မှ 25.0 Horse Power အထိ ရရှိနိုင်သည်။ Sanyo, Hitachi, Toshiba, Daikin အစရှိသည့် နာမည်ကြီး Japanese Compressor များကို ထည့်သွင်းအသုံးပြုထားသည်။

ယခုထပ်မံအသစ်တင်သွင်းလိုက်သော Refrigerator Single Door, Double Door များကို Defrost နှင့် Frost Freezer, Chest Freezer နှင့် Washing Machine တွင် Fully Auto , Semi Auto တို့သည် မီးစားသက်သာပြီး အမျိုးအစားစုံလင်စွာဖြင့် ရရှိနိုင်သည့်အပြင် ဈေးနှုန်းသင့်တင့်မျှတသည့် Changhong Electronic ပစ္စည်းများကို သုံးနှစ်အာမခံပေးထားပြီး တစ်နှစ်အတွင်း ပစ္စည်းနှင့်လက်ခအခမဲ့၊ ကျန် နှစ်နှစ်ကို လက်ခအခမဲ့ဖြင့် ဝန်ဆောင်မှုပေးသည်။

ခေတ်မီဆန်းသစ်သည့် နည်းပညာ၊ ဆန်းပြားသည့် ဒီဇိုင်းစုံ၊ အရည်အသွေးစုံ အီလက်ထရွန်နစ် ပစ္စည်းများကို အရောင်းခန်းမသစ်ဖြစ်သော အမှတ် (၁၈၂/၁၉၄) ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၄၄၇၉၂သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(တနင်္လာနေ့-နံနက်+နေ့လယ်+ည)**

**၂၃-၈-၂၀၁၀**

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ တရားတော် (မင်္ဂလသုတ်+ဂုဏ်တော်ကွန်ချာ) |
| ၇း၃၀ | ဓမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရတေးလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၀း၄၅ | လယ်ယာစီးပွား(သဘာဝ မြေဩဇာ ပြုလုပ်သုံးစွဲနည်း)၊ တေးသီချင်း |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | မေတို့တွက်တာအလှကမ္ဘာ **(မျက်စိမှေးသူအား ခြယ်သခြင်း)** |
| ၁၁း၂၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ) |
| ၁၁း၄၀ | တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန်-သိမှတ်ဖွယ်ရာနိုင်ငံရေးရာ |
| ၁၂း၁၅ | အလုပ်အကိုင်အခွင့်အလမ်း |
| ၁၂း၂၀ | တေးပဒေသာ |
| ၁၂း၃၀ | အားကစားသတင်းပဒေသာ |
| ၁၂း၄၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | ပညာရေးအစီအစဉ် (ပထမတန်း - သင်္ချာ) တေးပဒေသာ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | သောတရှင် လိုရာတေး |
| ၁၇း၀၀ | သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (စိတ်ဖိစီးမှုနှင့် ခေါင်းကိုက်ခြင်း) |
| ၁၇း၁၀ | ဇာနည်စစ်သည်တေးပန်းချီ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၅ | အင်္ဂလိပ်စာသုတပဒေသာ(၂၁) ညနေခင်းတေးပဒေသာ |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၁၀ | ရေဒီယိုဇာတ်လမ်းတွဲများ (နှလုံးသားအက္ခရာ- ဇာတ်သိမ်းပိုင်း) တေးပဒေသာ |
| ၁၉း၄၀ | ရှင်လန်းစေချင်သောတရှင် (ပဋ္ဌမမြောက်နိဗ္ဗာန်ဘုံကအပြန်) နိုင်ငံရေးဦးတည်ချက် တေးပဒေသာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၂၀ | ချမ်းမြေ့သာယာသီရိဂေဟာ (သရုပ်ဆောင်မင်းမော်ကွန်းတို့ မိသားစု) |
| ၂၀း၃၀ | တေးပဒေသာ၊ စီးပွားရေးဦးတည်ချက် |
| ၂၁း၀၀ | သီချင်းကြီး၊ လူမှုရေးဦးတည်ချက် |
| ၂၁း၁၅ | ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ |



## အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ဘားအံ၌ ကျင်းပ

ဘားအံ ဩဂုတ် ၂၁

ကရင်ပြည်နယ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် ညနေ ၃နာရီက ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ကျင်းပရာ ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ဘောလုံးအသင်းနှင့် ဘားအံတက္ကသိုလ်ဘောလုံးအသင်းတို့ ဗိုလ်လုပွဲတွင် လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းက အနိုင်ရ ဗိုလ်စွဲခဲ့သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ အနိုင်ရဗိုလ်စွဲခဲ့သော လှိုင်းဘွဲ့မြို့နယ်အသင်းကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်ညွန့်ညွန့်ဝေက တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဦးက ငွေသားဆုကိုလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်မြင့်အေးက တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက အသန့်ရှင်းဆုံးအသင်းဆုနှင့် ပွဲစဉ်အလိုက်၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။**(အပေါ်ပုံ)** **(ပြည်နယ် ပြန်/ဆက်)**

## Life Style & Car Expo 2010 ပြပွဲ Stallion Lubricant စက်ဆီ၊ ချောဆီပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၂၁

Life Style & Car Expo 2010ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၂၀ရက်မှ ၂၃ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Htoo Group of Companies လက်အောက်ရှိ Aureum Palace Hotels - Resorts က စားသောက်ဖွယ်ရာများကို အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ ပြပွဲတွင် Ye Yint Co., Ltd. မှ Stallion Lubricant စက်ဆီ၊ ချောဆီများသည် ISO 9001: 2000 ရရှိထားပြီး London , England နည်းပညာဖြင့် စင်ကာပူမှ တင်သွင်းကာ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် နှစ်ပေါင်း ၂၀ ကျော် ဖြန့်ဖြူးရောင်းချခဲ့သည်။ Stallion Brand တွင် မော်တော်ကား၊ ဂျင်နရေတာ၊ ယန္တရားသုံး စက်ဆီချောဆီများနှင့် စပိဘုတ် 2T ဆီများမှစ၍ မော်တော်ဆိုင်ကယ်သုံးဆီအထိ တင်သွင်းရောင်းချလျက်ရှိသည်။ အရည်အသွေးကောင်းမွန်သော Stallion Lubricant စက်ဆီ၊ ချောဆီများ သုံးစွဲခြင်းဖြင့် စက်၊ မော်တော်ယာဉ်ယန္တရားများ စွမ်းအင် ပိုမိုကောင်းမွန်ပြီး အင်ဂျင်သက်တမ်းကို ကြာရှည်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ အင်ဂျင်ချို့မတက်ခြင်း၊ ပွန်းစားမှုမှ ကာကွယ်ပေးခြင်းတို့အပြင် အပူချိန် မတက်အောင်လည်း ထိန်းသိမ်းပေးနိုင်သည်။

Ye Yint Co., Ltd. မှ စက်မှုလုပ်ငန်းသုံး ပေါင်းဆေးမှုန့်များကိုလည်း ထိုင်းနိုင်ငံမှ တင်သွင်းဖြန့်ချိလျက်ရှိသည်။ ထိုပေါင်းဆေးမှုန့်မှာ သာမန်သုတ်ဆေး၊ မှုတ်ဆေး၊ Sdvent Base Paint များထက် Quality မြင့်မားခြင်း၊ အလေအလွင့်နည်း၍ ကုန်ကျစရိတ်သက်သာခြင်း၊ အရောင်အသွေးစုံလင်ခြင်း၊ ကျွမ်းကျင်သောအလုပ်သမားများမလိုခြင်း၊ ကုန်ထုတ်စွမ်းအားမြင့်မားခြင်း၊ သုံးစွဲရလွယ်ကူခြင်း၊ မီးဘေးအန္တရာယ်မရှိခြင်း၊ ကျန်းမာရေးအတွက် ဘေးအန္တရာယ်မရှိခြင်း၊Powder Coatings လုပ်ငန်းနှင့် ပတ်သက်သော စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများအပြင် Oversea Technician များဖြင့် နည်းပညာများကိုပါ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ Powder Coatings ကို လက်ရှိမြန်မာနိုင်ငံတွင် မီးအားမြင့်စက်၊ Transformer အလူမီနီယံစသော လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

### ဝယ်ယူရရှိနိုင်

Stallion Lubricants စက်ဆီ၊ ချောဆီများကို Ye Yint Co., Ltd. ရန်ကုန်ရုံးချုပ် အမှတ် (၁၂၈) ကနောင်မင်းသားကြီးလမ်း အရှေ့ဒဂုံစက်မှုဇုန် ရန်ကုန်မြို့ ဖုန်း -၇၀၁၃၈၅၊ ၇၂၂၄၉၈၊ ၅၈၅၃၄၀နှင့် ၀၉-၅၀၀၆၃၅၄၊ မန္တလေးမြို့ -ယ၁/ ၁၅၇၊ ၇၃လမ်း ကွဲဆည်ကန် မြဝတီမင်းကြီးလမ်း မန္တလေးမြို့၊ ပြည်ကြီးတံခွန် ဖုန်း-၀၂-၈၀၄၆၇၊ ၀၉-၂၀၃၅၃၇၃၊ ၀၉-၈၅၁၆၆၉၅၊ နေပြည်တော်-ပ/၁၀၊ သပြေကုန်းပွဲရုံတန်း ဖုန်း-၀၉-၈၅၁၆၆၀၀နှင့် အမြို့မြို့ အနယ်နယ်ရှိ ကားပစ္စည်းဆိုင်များနှင့် ရန်ကုန်မြို့ ဘုရင့်နောင်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အမျိုးသမီးအားကစားသမားများ

**မြင့်မောင်စိုး - ရေးသားသည်**

**ပေကျင်း ဩဂုတ် ၂၁**

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ထိပ်တန်းအမျိုးသမီး အားကစားသမား ၁၀ဦး၏ ဝင်ငွေအကောင်းဆုံးစာရင်းကို ဖောဘတ်မဂ္ဂဇင်းက ဩဂုတ် ၁၉ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါဝင်ငွေမှာ ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ခုနှစ် ဇွန်လအတွင်း ဝင်ငွေဖြစ်သည်။

**ပထမ**

ဝင်ငွေအကောင်းဆုံး အမျိုးသမီးမှာ ရုရှားတင်းနစ်အားကစားမယ် ရှာရာပိုဗာဖြစ်သည်။ သူမသည် ထိုကာလအတွင်း အမေရိကန် ဒေါ်လာ ၂၄ဒသမ ၅သန်း ဝင်ငွေရခဲ့ပြီး အမျိုးသမီးအားကစားသမားများတွင် ဝင်ငွေအရဆုံးဖြစ်သည်။ သူမ၏အသက်မှာ ၂၃နှစ်သာရှိပြီး တင်းနစ်ကစားခြင်းဖြင့် ဝင်ငွေအများဆုံးရရှိခဲ့ခြင်း ဖြစ်သည်။



မာရီယာရှာရာပိုဗာ။

**ဒုတိယ**

ဒုတိယ ဝင်ငွေအကောင်းဆုံး အမျိုးသမီးအားကစားသမားမှာ အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံဖြစ်သည်။ သူမသည် ထိုကာလအတွင်း အမေရိကန်ဒေါ်လာ ၂၀ဒသမ ၂သန်းဝင်ငွေရခဲ့သည်။ သူမသည်လည်း တင်းနစ်ကစားခြင်းဖြင့် ဝင်ငွေရခဲ့ခြင်း ဖြစ်သည်။



ဆီရီနာဝီလျံ။

**တတိယ**

တတိယ ဝင်ငွေအကောင်းဆုံးမှာ ဆီရီနာဝီလျံ၏ အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံဖြစ်သည်။ သူမ၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၅ဒသမ ၄သန်းရှိသည်။

**စတုတ္ထ**

စတုတ္ထ ဝင်ငွေအကောင်းဆုံးမှာ ဒါနီကာပက်ထရစ်ဖြစ်ပြီး ၄င်းသည် ပြိုင်ကားမောင်းခြင်းဖြင့် ဝင်ငွေ ... ခြင်းဖြင့် ထိုကာလအတွင်း အမေရိကန်ဒေါ်လာ ၈သန်းရခဲ့သည်ဟုဆို၏။

**သတ္တမ**

သတ္တမမြောက် ဝင်ငွေအကောင်းဆုံးမှာ ဆားဘီးယားတင်းနစ်မယ် အင်နာအီဗာနိုဗစ်ဖြစ်သည်။ အသက် ၂၂နှစ်ရှိ အီဗာနိုဗစ်သည် ဤကာလအတွင်း တင်းနစ်ကစားခြင်းဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂သန်း ဝင်ငွေရခဲ့သည်။

**အဋ္ဌမ**

အဋ္ဌမ ဝင်ငွေအကောင်းဆုံးမှာ ဂျယ်လီနာဂျန်ကိုဗစ် ဖြစ်သည်။ သူမသည်လည်း တင်းနစ်ကစားခြင်းဖြင့် အမေရိကန်ဒေါ်လာ ၅ဒသမ ၃သန်း ရရှိခဲ့သည့် ဆားဘီးယားတင်းနစ်မယ် တစ်ဦးဖြစ်သည်။



စကိတ်အားကစားမယ် ကင်ယုနာ။



ပေါ်လာခရေမာ။

အကောင်းဆုံးရခဲ့ခြင်းဖြစ်သည်။ သူမ၏ ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၁၀သန်း ဖြစ်သည်။

**ပဥ္စမ**

ပဥ္စမမြောက် ဝင်ငွေအကောင်းဆုံးမှာ တောင်ကိုရီးယားမှ စကိတ်အားကစားမယ် ကင်ယုနာဖြစ်သည်။ သူမသည် စကိတ်အားကစားပြိုင်ပွဲမှ ထိုကာလအတွင်း ဝင်ငွေဒေါ်လာ ၉ဒသမ ၇သန်းရရှိခဲ့သည်။

**ဆဋ္ဌမ**

ဆဋ္ဌမမြောက် ဝင်ငွေအကောင်းဆုံး အမျိုးသမီးအားကစားသမားမှာ အနီကာ ဆိုရင်စတမ်းဖြစ်သည်။ အသက် ၃၉နှစ်ရှိ အမေရိကန်နိုင်ငံသူ ဆိုရင်စတမ်းသည် ဂေါက်သီးကစား

**နဝမ**

နဝမမြောက် ဝင်ငွေအကောင်းဆုံး အမျိုးသမီး အားကစားသမားမှာ ပေါ်လာခရေမာဖြစ်သည်။ သူမသည် ဂေါက်သီးကစားခြင်းဖြင့် ထိုကာလအတွင်း အမေရိကန်ဒေါ်လာ ၅ဒသမ ၂သန်း ဝင်ငွေရခဲ့သူဖြစ်သည်။

**ဒသမ**

ဒသမမြောက် ဝင်ငွေအကောင်းဆုံးမှာ လိုရီနာအိုချောဖြစ်သည်။ သူမသည် ...



ဆိုရင်စတမ်း။

ထိုကာလအတွင်း ဂေါက်သီးကစားခြင်းဖြင့် အမေရိကန်ဒေါ်လာ ၅သန်း ရရှိခဲ့ကြောင်း သိရသည်။ ။

**(အင်တာနက်)**

# ထိုင်းလူငယ် ကြက်တောင်ဖြင့် ရွှေတံဆိပ်ဆွတ်ခူး တောင်ကိုရီးယား မြားပစ်လူငယ် ရွှေတံဆိပ်ရခဲ့

❖ စုစည်းရေးသားသူ - အာကာကျော်၊ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ❖

**စင်ကာပူ ဩဂုတ် ၂၁**

၂၀၁၀ လူငယ်အိုလံပစ်အားကစားပြိုင်ပွဲများ စင်ကာပူနိုင်ငံ၌ ဩဂုတ် ၂၁ရက်က ဆက်လက်ယှဉ်ပြိုင် ကစားလျက်ရှိသည်။

အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ ဒါရီယာဂါ့ဗ်ရီလိုဗာက တရုတ်တင်းနစ်မယ် ကျန်ဆိုင်းဆိုင်းအား အနိုင်ရပြီး ရွှေတံဆိပ်ဆုဆွတ်ခူးသွားသည်။



အနိုင်ရ အောင်ပွဲခံနေသော ရုရှားတင်းနစ်မယ် ဒါရီယာ။

သူမသည် ၆-၂၊ ၆-၂ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အနိုင်ရခဲ့သဖြင့် ရုရှားတင်းနစ်မယ် ဒါရီယာသည် တင်းနစ်လောကတွင် လင်းလက်လာမည့် ကြယ်တစ်ပွင့်အဖြစ် ရုရှားမီဒီယာများက အမွှမ်းတင်လျက်ရှိသည်။ သူမ၏ လက်ရှိအသက်မှာ ၁၆နှစ်သာရှိသေးသည်။

အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် အိန္ဒိယမှ ယူကီဘရမ်ဘရီနှင့် ဆားဘီးယားမှ ဂိုမက်ဇ်တို့ ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

**ကြက်တောင်**

အမျိုးသားတစ်ဦးချင်း ကြက်တောင်ရိုက်အားကစားပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ ပီဆစ်ပေါ့ဒ်ချာလတ်က အိန္ဒိယမှ ဆူနီကူမာပရာန္တိုင်းအား အနိုင်ရပြီး ချန်ပီယံ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိန္ဒိယကြက်တောင်ကစားသမား ပရာန္တိုင်းက ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပြီး တောင်ကိုရီးယားမှ ကန်ဂျိဝုခ်က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**ကျွမ်းဘား**

အမျိုးသမီး ကျွမ်းဘားပြိုင်ပွဲတွင် ရုရှားမှ ဗစ်တိုးရီးယားကိုမိုဗာက ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ တန်စီရှင်းက ငွေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီး အီတလီမှ ကာလော့တာဖာလီတို့က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**မြားပစ်**

တောင်ကိုရီးယားနိုင်ငံမှ မြားပစ်ချန်ပီယံ ကဝပ်ရေဂျီးက အမျိုးသမီး မြားပစ်ပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)မှ တန်ယာတင်းကိုအနိုင်ရပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးသွားသည်။



အမျိုးသားတစ်ဦးချင်း ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော ပေါ့ဒ်ချာလတ်(အလယ်)အား ဆုတံဆိပ်နှင့်အတူ ဤသို့ တွေ့ရသည်။



အမျိုးသမီး ကျွမ်းဘားပြိုင်ပွဲတွင် ရုရှားမှ ဗစ်တိုရီးယား၏ ယှဉ်ပြိုင်ကစားဟန်။

အသက် ၁၈နှစ်အရွယ်ရှိ ကဝပ်ရေဂျီးသည် ယင်းမြားပစ်ပြိုင်ပွဲတွင် ရမှတ် ၆၇၀ဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ သူမသည် လက်ရှိကမ္ဘာ့မြားပစ်ချန်ပီယံ အမျိုးသမီးများတွင် နံပါတ် ၇အဆင့်ရှိသူ ဖြစ်သည်။

၂၀၁၀ လူငယ်အိုလံပစ်အားကစားပြိုင်ပွဲသို့ တောင်ကိုရီးယားနိုင်ငံမှ ကစားသမား ၇၃ဦးအား အားကစားပြိုင်ပွဲ ၁၈မျိုးတွင် ပါဝင်ယှဉ်ပြိုင်ရန် စေလွှတ်ထားသည်။ ယင်းတို့တွင် မြားပစ်၊ အလေးမ၊ ဓားသိုင်း၊ နပန်း အားကစားများလည်း ပါဝင်သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသည့် လူငယ်အိုလံပစ်အားကစား ပြိုင်ပွဲတွင် ကမ္ဘာ့တစ်ဝန်းမှ လူငယ်ကစားသမား ၃၆၀၀ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အားကစားနည်း ၂၆မျိုး ပါဝင်ပြီး ဩဂုတ် ၁၄ရက်မှ ၂၆ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင် လူငယ်အားကစားသမားများ၏ အသက်မှာ ၁၄နှစ်မှ ၁၈နှစ်အတွင်း ဖြစ်သည်။ **ကိုးကား-အင်တာနက်**

**ကောင်းမြတ်သူ - ရေးသားသည်**

# နောက်တန်းကစားသမား ဗီဒစ်အား မန်ယူလေးနှစ်စာချုပ် ထပ်မံချုပ်ဆို

**မန်ချက်စတာ ဩဂုတ် ၂၁**

မန်ယူနောက်တန်း ကစားသမား ဗီဒစ်အား ၄င်းကလပ်က နောက်ထပ်လေးနှစ် စာချုပ်ချုပ်ဆိုလိုက်သည်။

ဆားဘီးယား နောက်တန်း ကစားသမားဗီဒစ်သည် အိုးထရက်ဖို့ဒ်၌ ဆက်နေရန် လွန်ခဲ့သောလက သဘောတူထားခဲ့သည်။ အသက် ၂၈နှစ်ရှိ ဗီဒစ်အား အေစီမီလန်နှင့် ရီးရဲမက်ဒရစ်တို့က ဆက်သွယ်ထားသည်။ သို့သော်နည်းပြဖာဂူဆန်က ဗီဒစ်အား ၂၀၁၄ခုနှစ်အထိ စာချုပ်လိုက်သည်။




ဗီဒစ်သည် ၂၀၀၅ခုနှစ်က မန်ယူသို့ စပါးတပ်စ်မော်စကိုအသင်းမှ ပေါင် ၇ဒသမ ၂သန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။ ၄င်းသည် မန်ယူနှင့်အတူ ပရီမီယာလိဂ် ဖလားသုံးလုံးနှင့် ၂၀၀၈ခုနှစ်က ချန်ပီယံလိဂ်ဖလားတစ်လုံး ဆွတ်ခူးနိုင်ခဲ့သည်။

**(အင်တာနက်)**

# ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက် လေဗာကူဆင်တွင် ကစားမည်

**ဘာလင် ဩဂုတ် ၂၁**

ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်က သူ့အနေဖြင့် ဒဏ်ရာမှ သက်သာလာပြီဖြစ်၍ အသင်းသစ် လေဗာကူဆင်နှင့် ကစားရန် လေ့ကျင့်နေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**လွဲချော်**

အသက် ၃၃နှစ်အရွယ်ရှိ ဘောလက်သည် မေလက ခြေမျက်စိ ဒဏ်ရာရခဲ့သဖြင့် ကမ္ဘာ့ဖလားနှင့် လွဲချော်ခဲ့ရသည်။

**ပြောင်းရွှေ့**

၄င်းသည် ချယ်လ်ဆီးတွင် လေးနှစ်ကြာ ကစားခဲ့ပြီးနောက် နွေရာသီတွင် လေဗာကူဆင်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။




**ကစားခဲ့**

မိုက်ကယ် ဘောလက်သည် ဘိုင်ယန်မြူးနစ်သို့ မပြောင်းမီ ဘေယာ လေဗာကူဆင်တွင် ၁၉၉၉ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ကစားခဲ့သူ ဖြစ်သည်။

**(အင်တာနက်)**



# တိုက်စစ်မှူး အီဘရာဟင်မိုဗစ် ဘာစီလိုနာမှ ထွက်ခွာမည်မဟုတ်

**မီလန် ဩဂုတ် ၂၁**

အေစီမီလန်နှင့် မန်စီးတီးတို့မှ ပစ်မှတ်ထားနေသော တိုက်စစ်မှူး ဇလတ်တန် အီဘရာဟင်မိုဗစ်သည် ဘာစီလိုနာမှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း ၄င်း၏အေးဂျင့်က ပြောကြားသည်။

ဘာစီလိုနာက စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာအား စာချုပ်လိုက်ပြီးနောက် နေရာမရဖြစ်နေသည့် အီဘရာဟင်မိုဗစ်သည် ကလပ်အများအပြားတွင် နာမည်ကြီးကစားသမားအဖြစ် ကစားခဲ့သူဖြစ်သည်။ ဘာစီလိုနာတွင်လည်း အဓိကကစားသမား ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ အင်တာမီလန်တွင် ဖလားများစွာ ရယူခဲ့သူဖြစ်ကြောင်း ၄င်း၏ အေးဂျင့်ကပြောကြားသည်။ အီဘရာဟင်မိုဗစ်သည် အင်တာမီလန်မှ ဘာစီလိုနာသို့ ပြောင်းရွှေ့လာသူဖြစ်သည်။

**(အင်တာနက်)**



# မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်၍ ခရေပင်စိုက်ပျိုးပေး

မန္တလေး ဩဂုတ် ၂၀

**မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့က ကျင်းပသော စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၈နာရီခွဲက မဟာအောင်မြေမြို့နယ် ၆၉လမ်းရှိ ကိုးဖူးရှင် မဟာဗောဓိစေတီတော်မြတ်ကြီး၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်ပြီး အရိပ်ရခရေပင် စိုက်ပျိုးပေးသည်။**(ဝဲပုံ)

### စိုက်ပျိုး

ဆက်လက်၍ မန္တလေးတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာနယ်မြေ)ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အရန်အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက အရိပ်ရပင်မျိုးစုံတို့ကို စိုက်ပျိုးကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် မြို့တော်ဝန်နှင့် တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များသည် တက်ရောက်လာကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အရန်အဖွဲ့ဝင်များ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

### အရိပ်ရပင်

ယင်းနေ့ကျင်းပသော မန္တလေးတိုင်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်မျိုးစုံ ၅၀၀ စိုက်ပျိုးခဲ့ကြသည်။

(၁၁၃)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရပ်စောက်မြို့နယ် ရပ်ကွက်အတွင်း ရေမြောင်းများ၊ စာသင်ကျောင်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို ဇူလိုင်၂၆ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသောင်းညွန့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



# အခြေခံပညာအထက်တန်းကျောင်းဆောင်သစ် မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာ၌ဖွင့်

မိုးကုတ် ဩဂုတ် ၁၄

မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာအုပ်စု ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၉နာရီက မိုးကုတ်မြို့ ကျပ်ပြင်ကျေးရွာအုပ်စုရှိ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးနေအောင်၊မြို့နယ်ပညာရေးမှူး ဦးသာထူးနှင့် အလှူရှင် ဦးဘဌေးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ပညာ) ဦးအောင်ချိန်က ရွှေရတနာ(၂) ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

### တည်ဆောက်

အဆိုပါ ရွှေရတနာ(၂) ကျောင်းဆောင်သစ်ကို ပညာရေးဌာနမှ ထည့်ဝင်ငွေကျပ်၁၂၅သိန်း၊အလှူရှင်မိုးကုတ်မြို့ လယ်ဦးရပ်နေ သီရိသုဓမ္မမဏိဇောတရေ ဦးဘဌေး (လူမှုထူးချွန် ဒုတိယဆင့်)-ဒေါ်ခင်လှကြည် မိသားစုတို့က လှူဒါန်းငွေကျပ်သိန်း ၆၀၀ စုစုပေါင်း ငွေကျပ် ၇၂၅သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကြက်ငှက်တုပ်ကွေးစူးစမ်းရှာဖွေလေ့လာရေး ခရမ်းမြို့နယ်၌ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေး အစည်းအဝေးကို ဩဂုတ် ၁၂ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်း၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်၊ မွေးမြူရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးဇော်နှင့် ဒုတိယဦးစီးမှူးများ၊ ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်က ရောဂါလက္ခဏာများမျက်ခြည်မပြတ် စောင့်ကြည့်ရေးနှင့် မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမိုးဇော်က လစဉ်ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

# စာကြည့်တိုက်ရှင်သန်ခိုင်မာရေး မိတ္ထီလာ၌ အလှူငွေပေးအပ်လှူဒါန်း

မိတ္ထီလာ ဩဂုတ် ၁၉

မိတ္ထီလာမြို့ ဇောင်ချမ်းကုန်းကျေးရွာ ရွှေအိမ်စည်စာကြည့်တိုက် သုံးနှစ်မြောက်နှစ်ပတ်လည်အခမ်းအနားကို ဇူလိုင်၁ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဌေးက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်က ကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ် (၅)ရပ်ကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၅၀၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၂၅၀၀၀၊ ဇောင်ချမ်းကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ် ၁၅၀၀၀ စုစုပေါင်းလှူဒါန်းငွေကျပ် ၉၀၀၀၀ကို စာကြည့်တိုက်ကြီးကြပ်ရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**



# ဆီဆိုင်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

ဆီဆိုင် ဩဂုတ် ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက်က ဆီဆိုင် မြို့မအားကစားကွင်း (၁)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင် တက်ရောက်၍ အမှာစကား ပြောကြားပြီး အားကစားသမားများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

(အပေါ်ပုံ)

အဆိုပါ ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲသို့ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင် ဘောလုံးအသင်းပေါင်း ၁၉သင်း ပါဝင်ယှဉ်ပြိုင်ကစားကြသည်။ **(ဝ၁၅)**

**ရေနံချောင်းမြို့နယ် မြို့မဈေး အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ဇူလိုင် ၃၁ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် ဦးစီးအရာရှိ ဒေါ်နှင်းနှင်းထွေးတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)





**ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေကို ဇူလိုင် ၃၀ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး ပေါက်ခေါင်း၌ အသိပညာပေးဟောပြော

ပေါက်ခေါင်း ဩဂုတ် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် ဝမ်းပျက် ဝမ်းလျှောရောဂါ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

### ဟောပြော

ဟောပြောပွဲတွင် မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်သိန်းဆွေက ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လက်ထောက်ဆရာဝန် ဒေါက်တာသန်းမင်းထွဋ်က ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အထွေထွေကျန်းမာရေးအကြောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

❐ သတင်းခရီးသည် - ကိုတင်လှိုင်(မိတ္ထီလာ)
❐ ဓာတ်ပုံမှတ်တမ်း - ကိုသန့်ဇင်(မိတ္ထီလာ)
❐ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ခပေါင်းရေလှောင်တမံ

အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံကို တွေ့ရစဉ်။

## စပါးနှင့် အခြားသီးနှံများ ရေရရှိရေးအတွက် အားထားရသည့်

## ခပေါင်းရေလှောင်တမံ



နေပြည်တော် ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်း ဘေးဝဲယာများတွင် စပါးခင်းများဖြင့် စိမ်းစိုလှပနေသည်။ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်သို့ သတင်းခရီးသည်အလာ၌ စိမ်းမြနေသော လယ်ကွင်းများနှင့်အတူ လယ်ရေဖွေးဖွေးတွင် စပါးစိုက်ပျိုးနေသော ကောက်စိုက်သမများ၊ ခေတ်မီလယ်ထွန်စက်ဖြင့် လယ်ထွန်နေသော တောင်သူများ စပါးအထွက်တိုးရေးအတွက် အထူးကြိုးစား စိုက်ပျိုးနေသည်ကို ဝမ်းသာဂုဏ်ယူဖွယ်တွေ့ရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

## မြစ်ရေကြီးမှု သတိပေးချက်

နေပြည်တော် ဩဂုတ် ၂၁

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၈၁ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## အင်အားအသင့်အတင့် မြေငလျင်လှုပ်

*နေပြည်တော် ဩဂုတ် ၂၁*

*ယနေ့ မွန်းလွဲ ၁၂နာရီ ၁၉မိနစ် ၂၉စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆီမြူလူ)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။*

*(သတင်းစဉ်)*

22-8 (20).pmd 1 8/22/2010, 2:42 AM